# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် ၂၀၂၄ ခုနှစ်၊ မေ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၂၃၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြား

## ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် ပြိုင်ပွဲဝင်အသင်းများသာမက ပြိုင်ပွဲဝင်အားကစားသမားများပါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အများဆုံးယှဉ်ပြိုင်ကြမည့် နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဖြစ်



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့** *ဖတ် စ ရာ*

**ကင်ဆာရောဂါကုသရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ** ဆောင်းပါး စာ ၁၁

**ကပ်ရောဂါဆိုင်ရာသဘောတူစာချုပ်နှင့်ပတ်သက်ပြီး သဘောထားကွဲလွဲနေသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးစတင်** နိုင်ငံတကာသတင်း စာ ၁၃

# ❖ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပခဲ့သည့် ၁၀ နှစ်နီးပါးကြာမှ ပြန်လည်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ခမ်းနားထည်ဝါစွာဖြင့် စနစ်တကျကျင်းပနိုင်ရေးသည် အရေးကြီး

❒ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းအားပေး**

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် **အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ကြောင်း၊** အလားတူ **အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊** ထို့အတူ **အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်**သည့်အတွက် အားကစားဆိုင်ရာ ခံယူချက်များအတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းအားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံအတွက် အဓိကစွမ်းအားစုဖြစ်သည့် လူငယ်များကို ဗလငါးတန် ပြည့်ဝရေးနှင့်အတူ လူငယ်ကဏ္ဍများကိုလည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် ပါရှိသည့် လူမှုရေးဦးတည်ချက် (၃) ရပ်၏ ဒုတိယအချက်ဖြစ်သော တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးအချက်ကိုလည်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန် နယ်ပယ်များစွာရှိသည့်အနက် ကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲမျိုးစုံကို ပုံမှန်ကျင်းပပြုလုပ်ပေးရမည်ဆိုသည့်အတိုင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နှစ်များအလိုက် အားကစားပြက္ခဒိန်ရေးဆွဲပြီး ပြိုင်ပွဲများ ကျင်းပပေးခဲ့သည့်အတွက် ယခုကဲ့သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော်များကို ယခင်အစိုးရအဆက်ဆက်က ကျင်းပပေးခဲ့ကြကြောင်း၊ ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်နှင့် ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ် အမျိုးသားအားကစားပွဲတော်များကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ခမ်းခမ်းနားနားကျင်းပပေးခဲ့ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခု ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ကျင်းပပြုလုပ်သွားရန် လျာထားဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဖြစ်**

အမျိုးသားအားကစားပွဲတော် ကျင်းပမည့် အချိန်မှာ ယခုနှစ် ဒီဇင်ဘာလဖြစ်သည့်အတွက် ၆ လခန့် အချိန်ရရှိသော်လည်း ကြိုတင်ပြင်ဆင်စုဖွဲ့ရမည့်ကိစ္စများ၊ လေ့ကျင့်ရမည့်ကိစ္စများသည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ယခုအချိန်မှစတင်၍ ကြိုတင်ပြင်ဆင်နိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်သောကြောင့် ပထမအကြိမ်အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး ကျောင်းသားအားကစားပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအလိုက်အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း၊ သို့သော်လည်း မတူသည့်အချက်မှာ ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် ပြိုင်ပွဲဝင်အသင်းများ သာမက ပြိုင်ပွဲဝင်အားကစားသမားများပါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အများဆုံးယှဉ်ပြိုင်ကြမည့် နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော် ကျင်းပရသည့် ရည်ရွယ်ချက်မှာ ပထမအချက်အနေဖြင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ဒုတိယအချက်မှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် **"မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အားကစားအဆင့်အတန်းမြင့်ရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆိုသည့် ဦးတည်ချက်များနှင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

**အတည်ပြုချက် ရယူသွားရန်ဖြစ်**

ထို့ကြောင့် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပခဲ့သည့် ၁၀ နှစ်နီးပါးကြာမှ ပြန်လည်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ခမ်းနားထည်ဝါစွာဖြင့် စနစ်တကျကျင်းပနိုင်ရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခုကိုလည်း ကြိုတင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို မူဝါဒ(မူကြမ်း) ချမှတ်ပြီး နိုင်ငံတော်အကြီးအကဲထံ တင်ပြ၍ အတည်ပြုချက် ရယူသွားရန်ဖြစ်ကြောင်း။

**မှန်မှန်ကန်ကန်မျှမျှတတ စီမံဆုံးဖြတ်**

အမျိုးသားအားကစားပွဲတော်ဆိုသည့် ဂုဏ်ဒြပ်နှင့်အညီ ပြိုင်ပွဲ ပွဲစဉ်တိုင်း ပြိုင်ဆိုင်မှုပြင်းထန်မည်ဖြစ်သော်လည်း အားကစားစိတ်ဓာတ်၊ အားကစားအဓိဋ္ဌာန်များနှင့်အညီ ယှဉ်ပြိုင်ပြီး တစ်ဖက်ကလည်း မှန်ကန်မျှတပြီး စည်းကမ်းစနစ်ကျသည့် ပြိုင်ပွဲများဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က အငြင်းပွားဖွယ်ရာများမဖြစ်အောင် မှန်မှန်ကန်ကန်မျှမျှတတ စီမံဆုံးဖြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးနှင့်အတူ အခြားသောနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အဆင့်မီပြီး အဆင့်အတန်းရှိသည့် မျိုးဆက်သစ် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ထူးချွန်စွာပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ အမျိုးသားအားကစားပွဲတော်တွင်ဝန်ကြီးဌာနအလိုက်အားကစားပြိုင်ပွဲနှင့် တိုင်းဒေသကြီး / ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများဖြင့် အပိုင်းနှစ်ပိုင်း ဆောင်ရွက်သွားရန် စီမံထားကြောင်း၊ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲတွင် အားကစားနည်း ခြောက်နည်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် အားကစားနည်း ၂၃ နည်းဖြင့် ခန့်မှန်းအားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် လျာထားကြောင်း။

**ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး စီမံဆောင်ရွက်**

အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ယှဉ်ပြိုင်ကြမည့် အားကစားပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်စေရေးနှင့် အားကစားသမားများ စိတ်ချမ်းမြေ့စွာ တည်းခိုနေထိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲများကို နိုင်ငံတော်အဆင့်ကျင်းပခဲ့သည့် အခြားအခမ်းအနားများထက် အဆင့်မနိမ့်ဘဲ ခေတ်နှင့်လျော်ညီစွာဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် အမျိုးသားအားကစားပွဲတော်၏ အထိမ်းအမှတ် Logo သတ်မှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးသွားကြရန်လိုကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ပြိုင်ပွဲပွဲစဉ်အစမှ အဆုံးအထိ ယှဉ်ပြိုင်မှုများကို မှတ်တမ်းတင်ရေးအဖွဲ့များက စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့မှတ်တမ်းတင်ဆောင်ရွက်ရာတွင် (၃၂) ကြိမ်မြောက် ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် စံချိန်များနှင့် အနီးစပ်ဆုံးရရှိသည့် အားကစားသမားများကိုသာ ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်၍ နိုင်ငံ့လက်ရွေးစင်အဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများတွင် အားကစားစိတ်ဓာတ် ပြင်းထန်သကဲ့သို့ ယှဉ်ပြိုင်မှုများလည်း ပြင်းထန်လာနိုင်သည့်အတွက် အငြင်းပွားဖွယ်ရာများမဖြစ်အောင် ခုံသမာဓိဆောင်ရွက်ကြမည့် ဆပ်ကော်မတီနှင့် တာဝန်ရှိသူများက စနစ်တကျအားကစားတစ်ခုချင်းအလိုက် ယှဉ်ပြိုင်ကြမည့် အားကစားနည်းဥပဒေသတ်မှတ်ချက်များကို ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များအား အသိပေးထားရန် လိုအပ်ကြောင်း၊ အားကစားပွဲတော် ကျင်းပမည့် အချိန်ကာလမှာ အနည်းငယ်ကြာမြင့်သည့်အတွက် လုံခြုံရေး အထူးအလေးထားဂရုစိုက် စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ တည်းခိုနေထိုင်ရေးနှင့်စပ်လျဉ်း၍ အဆင်ပြေချောမွေ့စွာရှိစေရန်အတွက် တည်းခိုဆောင်များ သန့်ရှင်းရေးနှင့် လိုအပ်ချက်များရှိလာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုကြောင်း။

*စာမျက်နှာ ၄ သို့*




တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

**❂ အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ယှဉ်ပြိုင်ကြမည့် အားကစားပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်စေရေးနှင့် အားကစားသမားများ စိတ်ချမ်းမြေ့စွာ တည်းခိုနေထိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားကြရမည်**

*စာမျက်နှာ ၃ မှ*

ထို့ပြင် ကျန်းမာရေးနှင့်စပ်လျဉ်း၍ အားကစားသမားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းကောင်းမွန်သော အစားအသောက်များ ဖြစ်စေရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပမည့် အားကစားကွင်းများ အဆင့်မြင့်မြင့်နှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် သက်ဆိုင်ရာကော်မတီများက ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ပါဝင်ကူညီကြမည့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် အနုပညာရှင်များ ပါဝင်လာနိုင်ရေးကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ အဓိကအားဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် အားလုံးတက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

- ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးသည် အားကစားပြိုင်ပွဲအဖြစ်သာ အမည်ခေါ်ဆို ကျင်းပခြင်းဖြစ်သော်လည်း အတူတကွပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအရ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်းတစ်ယောက်ချင်း ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်
- မိမိတို့နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တတ်မှု၊ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်

**အခွင့်အလမ်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်**

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးသည် အားကစားပြိုင်ပွဲအဖြစ်သာ အမည်ခေါ်ဆို ကျင်းပခြင်းဖြစ်သော်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအရ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်း တစ်ယောက်ချင်း ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တတ်မှု၊ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါ လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာခဲ့ပါကလည်း အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူအဆင့်ဆင့်က တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ပြိုင်ပွဲအမျိုးအစား သတ်မှတ်**

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ပြင်ဆင်ထားမှု၊ ယခင်အမျိုးသားအားကစားပွဲတော်များ ကျင်းပဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲ/ ပိတ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယစာရင်းစစ်ချုပ်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**ပဲခူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက်(၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ပဲခူးမြို့ ဟံသာဝတီ ယူနိုက်တက် ဘောလုံးအားကစားကွင်း၌ မေ ၂၇ ရက် ညနေပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပရိသတ်များ ကြည့်ရှုအားပေးခဲ့သည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူခရိုင်ဘောလုံးအသင်းနှင့် ညောင်ပင်ခရိုင် ဘောလုံးအသင်းတို့ ဖွင့်ပွဲပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးသည်။ ယင်းနောက် ပွဲစဉ်အတွင်း အကောင်းဆုံးဘောလုံးသမားဆု ရရှိသူ တောင်ငူခရိုင်အသင်းမှ ရဲသူရကျော်အား လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်က ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက်(၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၂၇ ရက်မှ ဇွန် ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မေ ၂၈ ရက်တွင် ပဲခူးခရိုင်အသင်းနှင့် ပြည်ခရိုင်အသင်း၊ မေ ၂၉ ရက်တွင် နတ်တလင်းခရိုင်အသင်းနှင့် ညောင်လေးပင်ခရိုင်အသင်း၊ မေ ၃၀ ရက်တွင် သာယာဝတီခရိုင်အသင်းနှင့် ပဲခူးခရိုင်အသင်း၊ မေ ၃၁ ရက်တွင် နတ်တလင်းခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်း၊ ဇွန် ၁ ရက်တွင် သာယာဝတီခရိုင်အသင်းနှင့် ပြည်ခရိုင်အသင်းတို့ အုပ်စုပတ်လည် ပွဲစဉ်အဖြစ်လည်းကောင်း၊ အကြိုဗိုလ်လုပွဲကို ဇွန် ၃ ရက်နှင့် ဇွန် ၄ ရက်တွင် လည်းကောင်း၊ တတိယနေရာလုပွဲကို ဇွန် ၆ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲကို ဇွန် ၇ ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲအား ဒေသတွင်း ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးနှင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး ဦးတည်ချက်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် မွေးထုတ်ပေးနိုင်ရေး၊ မြန်မာ့ဘောလုံးအားကစား ကျယ်ပြန့်စွာ တိုးတက်မြင့်မားပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဖျာပုံမြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်



**ဖျာပုံ မေ ၂၈**

ဖျာပုံမြို့နယ် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းတို့ ပူးပေါင်း၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို မေ ၂၇ ရက်က ဖျာပုံမြို့ အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဖျာပုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လတ်လတ်ဝင်းက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ အိမ်တွင် တစ်ပိုင်တစ်နိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်နှင့် မိသားစု ဝင်ငွေ တိုးရေးစီမံကိန်းအဖြစ် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းဆရာမများက လူသုံးကုန်ပစ္စည်းများ ဖြစ်သော ဘက်စုံသုံးဆပ်ပြာရည်၊ အဝတ်လျှော်ဆပ်ပြာရည်၊ ခေါင်းလျှော်ရည် စသည်တို့ကို လက်တွေ့သင်ကြားရာ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ပြီး မေ ၃၁ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းနိုင် (ပြန်/ဆက်)**

- **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၂ / ၂၀၂၄**
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ် ကိုလေး အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် မေ ၂၈**
ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉** တို့သို့လည်းကောင်း **KBZ Bank NYAUNG OO BRANCH Account No– 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သတင်းစဉ်

# အလုပ်သမားဝန်ကြီးဌာနရှိဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေးပေးအပ်



**နေပြည်တော် မေ ၂၈**
အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာန၊ အဖွဲ့ရုံးတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းသားသမီးကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သကဲ့သို့ ပညာရေးသည်လည်း နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် ပညာတတ်လူငယ်များ ဖြစ်လာစေရန် ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားနိုင်ရေး၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်းများ မရှိစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုတွင် အရေအတွက်သာမက အရည်အချင်းပါ လျော့နည်းမသွားစေရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိကိုယ်ကို၊ လူမှုပတ်ဝန်းကျင်ကို၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့်၊ စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကောင်းမွန်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့သားသမီးများကို မဖြစ်မနေ ကျောင်းအပ်ခြင်းဖြင့် မိဘဝတ္တရားကျေပွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ကြရန်လိုကြောင်း၊ မိမိတို့၏ကလေးများ ပညာရည်ထူးချွန်မှုရှိစေရန် ပညာတတ်များဖြစ်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိဘများအနေဖြင့် မိမိတို့၏ သားသမီးကျောင်းသား ကျောင်းသူများကို နိုင်ငံအတွက် အားကိုးအားထားပြုထိုက်သည့် လူငယ်များဖြစ်လာစေရေး၊ နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းရယူမည့် အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာစေရေး၊ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးနှင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွန်မြတ်သော စေတနာဖြင့် တက်ညီ လက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

**တက်ညီလက်ညီကြိုးပမ်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သားသမီးများဖြစ်သော တက္ကသိုလ်တက်ရောက်သူ ၁၅၀၊ အထက်တန်းတက်ရောက်သူ ၁၉၀၊ အလယ်တန်းတက်ရောက်သူ ၁၉၇ ဦးနှင့် မူလတန်းတက်ရောက်သူ ၅၆၉ ဦးဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၁၀၆ ဦး အတွက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ် ၁၇၂၂၂၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**စစ်တွေ မေ ၂၈**
ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၄)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မိုးဦးရာသီဖြစ်၍ သဘာဝဘေးနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ စီမံခန့်ခွဲမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်ခဲ့သော အခြေအနေများကို သင်ခန်းစာဖော်ထုတ်ပြီး ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကို မှတ်တမ်းပြုစုထားမှုအား အပြီးသတ်ဆောင်ရွက်ရေးအတွက် ဦးစီးကော်မတီနှင့် သက်ဆိုင်ရာကော်မတီများအနေဖြင့်လည်း မိမိတို့ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်ဟု သိရှိရကြောင်း၊ ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပေးကြရန်နှင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆိုင်ကလုန်းမုန်တိုင်း မိုခါနှင့် ပတ်သက်၍ မှတ်တမ်းပြုစုရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရနှင့် အတွင်းရေးမှူး ပြည်နယ် ဥပဒေချုပ်တို့က မှတ်တမ်းစာအုပ် ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မှတ်တမ်းပြုစုရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက် မှတ်တမ်းများပြုစုထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးပေးပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုး

**ဆင်ပေါင်ဝဲ မေ ၂၈**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် သစ်တောဦးစီးဌာနမှ ရှမ်းသောက်ကြိုးပြင်ကာကွယ်တော အကွက်အမှတ် (၂) အတွင်း ဒေသအခေါ် မဟာဗောဓိကုန်းမြေနေရာတွင် ယနေ့ နံနက်၁၀ နာရီက မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါမိုးရာသီအကြို သစ်ပင်စိုက်ပွဲတွင်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဝေအောင် ဦးဆောင်၍ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ငုဝါပင် ၁၀၀၊ တမာပင် ၁၀၀ စုစုပေါင်း အပင် ၂၀၀ စိုက်ပျိုးခဲ့ကြပြီး ဒေသခံပြည်သူများအနေဖြင့် သစ်တော၊ သစ်ပင်များ၏တန်ဖိုးကို အလေးထားသိရှိနားလည်နိုင်စေရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့် စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း နိုင်ငံရေးပါတီများက သဘောထားထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions) နှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ (MCC) ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့တောင်သူလယ်သမားဘဝတိုးတက်မြင့်မားရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး နိုင်ငံရေးပါတီများမှ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့် စပ်လျဉ်း၍ လုံးဝ (လုံးဝ) လက်မခံဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်ကို သဘောတူအတည်ပြုထုတ်ပြန်ကြေညာခဲ့ကြသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions) နှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

# နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၆ ) ရက်**
**၂၀၂၄ ခုနှစ်၊ မေလ ( ၂၈ ) ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက်ခဲ့သော ပြည်တွင်းပဋိပက္ခများအား နိုင်ငံတော်အစိုးရ၊ တာဝန်ရှိအဖွဲ့အစည်းများနှင့် တည်ငြိမ်အေးချမ်းရေးကိုလိုလားသော တိုင်းရင်းသားပြည်သူများက ဥပဒေနှင့်အညီဖြေရှင်းနိုင်ရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် အစွန်းရောက် အတ္တနိုင်ငံရေးသမားများနှင့် ၎င်းတို့ဖန်တီးခဲ့သော အကြမ်းဖက်အုပ်စုများကြောင့် အပြစ်မဲ့ပြည်သူအများအပြား သတ်ဖြတ်ခံရခြင်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ ဖျက်ဆီးခံရခြင်း၊ ပြည်သူလူထု၏ အခွန်ဘဏ္ဍာငွေများဖြင့် အချိန်ကြာမြင့်စွာ တည်ဆောက်ထားခဲ့ရသော လူမှုစီးပွားဆိုင်ရာအခြေခံအဆောက်အဦများ ပျက်ယွင်းခဲ့ရခြင်း၊ မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ဘဝများ ဖျက်ဆီးခံရခြင်း စသည့်ဖြစ်ရပ်များလည်း ဖြစ်ပွားခဲ့ရပါသည်။

၃။ အထက်ပါဖြစ်စဉ်များ၏ အကျိုးဆက်အဖြစ် အခြေခံလူနေမှုဘဝများ ကျပ်တည်းလာရခြင်း၊ ထိုကျပ်တည်းမှု၏ နောက်ဆက်တွဲအဖြစ် လုယက်မှု၊ ပြန်ပေးမှု၊ မီးရှို့ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှု၊ အဓမ္မမှုများ အပါအဝင် ရာဇဝတ်မှုခင်းများလည်း ပိုမိုအရှိန်မြင့်လာသည်ဟု သုံးသပ်ရမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းပဋိပက္ခအား ပြည်တွင်းအင်အားဖြင့် အထူးအလေးထားဖြေရှင်းဆောင်ရွက်နေချိန်မှာပင် အင်အားကြီးနိုင်ငံအချို့နှင့် ကမ္ဘာ့အဖွဲ့အစည်းအချို့တို့က ကမ္ဘာ့မိသားစုဝင်နိုင်ငံအချင်းချင်း လူသားအချင်းချင်းစာနာမှု၊ အပြုသဘောဆောင်သော ချဉ်းကပ်လေ့လာကူညီမှု၊ နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးမှု စသည့်ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းတာဝန်များအစား ခေတ်အဆက်ဆက် အောင်မြင်မှုမရှိခဲ့သော ခေတ်သစ်ကိုလိုနီဝါဒ၏ ကျင့်စဉ်တစ်ရပ်ဟုဆိုနိုင်သည့် လိုလားသူတစ်ဖက်ဖက်သို့ တိုက်ရိုက် / သွယ်ဝိုက်နည်းလမ်းများဖြင့် အားပေးအားမြှောက်ပြုခြင်း၊ အခြားတစ်ဖက်သို့ နိုင်ငံရေး/ စီးပွားရေးအရ အကျပ်အတည်းဖြစ်စေပြီး လိုသလိုဆွဲယူပုံဖော်စေခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန်အတွက် ပိတ်ဆို့တားဆီးမှု (Sanctions)များအား နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြု၍ဆောင်ရွက်လာခဲ့ကြပါသည်။

၅။ မြန်မာနိုင်ငံအပေါ်သို့ ( ၁၁-၂-၂၀၂၁ ) ရက်နေ့မှ ( ၃၀-၁-၂၀၂၄ ) ရက်နေ့အထိ ချမှတ်ခဲ့သော ပိတ်ဆို့တားဆီးမှုများအား လေ့လာရာတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ပိတ်ပင်ခြင်း၊ အစိုးရနှင့်ထောက်ပံ့ဆက်သွယ်မှုများကို ဖြတ်တောက်ခြင်း၊ လူမှုစီးပွားဘဝဆိုင်ရာ လုပ်ငန်းစဉ်များကို ပိတ်ဆို့ခြင်း၊ ငွေလွှဲပြောင်းမှုများအား တားမြစ်ပိတ်ပင်ခြင်း၊ ကုန်ပစ္စည်းတင်ပို့မှုများအား ကန့်သတ်တားမြစ်ခြင်း၊ ခရီးသွားလာခွင့်များ ပိတ်ပင်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံဆောင်ရွက်နေရမည့်ကိစ္စများအား ဆိုင်းငံ့ထားခြင်း၊ အထီးကျန်ဖြစ်စေခြင်း၊ ကမ္ဘာ့အဖွဲ့အစည်းများတွင် မဲပေးခွင့်မရှိအောင် ပိတ်ပင်တားမြစ်ခြင်း၊ ကမ္ဘာ့မူပိုင်ခွင့်အစည်းအဝေးမှန်သမျှ တက်ရောက်ခွင့်ပိတ်ပင်ခြင်း စသည့် များစွာသောပိတ်ဆို့မှုများအား အချိန်ကိုက် အရှိန်မြှင့်ဆောင်ရွက်မှုများ ပါဝင်လာကြောင်း တွေ့ရပါသည်။

၆။ အထက်အပိုဒ်ပါ ပိတ်ဆို့မှုများသည် နိုင်ငံတစ်နိုင်ငံကို ရွေးထုတ်ဖိအားပေးခြင်း၊ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှု၊ ပြည်သူတစ်ရပ်လုံး အနာဂတ်ဘဝ ငြိမ်းချမ်းသာယာစေမှု စသည့်အချက်တို့အား ရည်ရွယ်ချက်ရှိရှိ ကန့်သတ်တားမြစ်ခြင်း၊ ဘက်လိုက်ဆောင်ရွက်ခြင်းတို့ကို ဖြစ်ပေါ်စေပြီး ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်း Article (7) ပါ ''တန်းတူကာကွယ်စောင့်ရှောက်မှုအစား ခွဲခြားဆက်ဆံခြင်း၊ ထိုသို့ခွဲခြားဆက်ဆံရန် လှုံ့ဆော်ခြင်းနှင့် တူညီသောကာကွယ်စောင့်ရှောက်မှုကို ခံစားစေရမည်'' စသည့် ကြေညာချက်စာတမ်းပါအချက်များအား အတိအလင်း ဖောက်ဖျက်ကျူးလွန်နေကြောင်း တွေ့ရှိရပါသည်။

၇။ ၎င်းအပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်း စည်းမျဉ်း Article (2) အပိုဒ်(၁)ပါ ''အဖွဲ့ဝင်အားလုံး၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို အခြေခံထားသည်'' ဟူသော မူကိုလည်းကောင်း၊ Article (4) ပါ ''နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံရေးလွတ်လပ်မှုကို ဆန့်ကျင်သည့် ခြိမ်းခြောက်မှု (သို့မဟုတ်) အင်အားအသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်'' ဟူသော မူကိုလည်းကောင်း ဥပေက္ခာပြုဆောင်ရွက်ခြင်း ဖြစ်သည်ဟုလည်း သုံးသပ်ရရှိပါသည်။

၈။ အရေးယူပိတ်ဆို့မှုများသည် နိုင်ငံတော်အစိုးရအပေါ် ဦးတည်ဒဏ်ခတ် အရေးယူပိတ်ဆို့သည်ဟု အကြောင်းပြပြောဆိုနေသော်လည်း ပကတိအခြေအနေမှာ ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ် ထိခိုက်နစ်နာစေပြီး ဒုက္ခသံသရာအတွင်းသို့ အတင်းအဓမ္မတွန်းပို့နေသည့် လုပ်ရပ်များသာ ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် ထိုလုပ်ရပ်သည် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်နေသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို နှောင့်နှေးရပ်တန့်စေခြင်းနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး အခင်းအကျင်းကို ပျက်စီးစေခြင်း စသည့် ဖြစ်ရပ်များကိုသာ ပေါ်ပေါက်လာစေမည်ဖြစ်ပါသည်။

၉။ သို့ပါ၍ နိုင်ငံအပေါ်ချမှတ်ထားသော ပိတ်ဆို့မှု (Sanctions) များအား အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးကြရန်၊ ကမ္ဘာ့နိုင်ငံများကလည်း အကျိုးသက်ရောက်မှု အခြေအနေမှန်ကို မူတည်စဉ်းစား၍ ဝိုင်းဝန်းကူညီပေးကြရန် တောင်းဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions) လုပ်ရပ်များအား ကျွန်ုပ်တို့နိုင်ငံရေးပါတီများအားလုံးက လုံးဝ(လုံးဝ) လက်မခံ ဆန့်ကျင်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၄။ | ဦးသိန်းထွန်း | ဒုတိယဥက္ကဋ္ဌ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးစောခွန်ကျော်ဝင်း | အတွင်းရေးမှူး(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | |
| ၇။ | ဦးလီပေါ်ရဲ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ(ဒူးလေးပါတီ) | |
| ၈။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးစိုင်းအောင်မြင့်ခိုင် | တွဲဖက် အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၃။ | ဦးတင့်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဒေါ်သန္တာဝင်း | အတွင်းရေးမှူး | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဦးမောင်မောင်သန့်ဇော် | ဒုတိယဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | |
| ၁၉။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၂၀။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ | ဒေါ်တင်နွယ်ဦး | ဗဟို အလုပ်အမှုဆောင် | အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ | |
| ၂၂။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီ | |
| ၂၄။ | ဦးမောင်အေး | ဗဟို အလုပ်အမှုဆောင် | လူထုပါတီ | |
| ၂၅။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တပ်ကုန်း(ရုံးချုပ်) Radio Dubbing Studio (1) ၌ ကျင်းပရာ အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူသီရိ၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း လယ်ဝေး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဇေယျာသီရိ၊ ကျည်တောင်ကန် အခြေခံပညာ အထက်တန်းကျောင်း ပုဗ္ဗသီရိ၊ ရွှေနံ့သာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဥတ္တရသီရိတို့မှ ကျောင်းသူ ကျောင်းသား ငါးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

## ယှဉ်ပြိုင်ဖြေဆို

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းနှင့် အထက်တန်းအဆင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ငါးဦးတို့က Round တစ်ခုလျှင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ပညာရပ်ဆိုင်ရာမေးခွန်း နှစ်ခုနှင့် ရေဒီယိုမှ ထုတ်လွှင့်သည့် အစီအစဉ်ပိုင်းဆိုင်ရာ မေးခွန်း နှစ်ခု စုစုပေါင်း မေးခွန်း လေးခုစီဖြင့် Round လေးခုတွင် ယှဉ်ပြိုင်ဖြေဆိုကြခြင်း ဖြစ်သည်။

ထိုသို့ယှဉ်ပြိုင်ကြရာ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပထမဆုကို ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်း ပုဗ္ဗသီရိ Grade-11 မှ မဝင့်သန္တာအောင်က လည်းကောင်း၊ ဒုတိယဆုကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဇေယျာသီရိ Grade-9 မှ မကေသရီစိုးစံက လည်းကောင်း၊ တတိယဆုကို အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိ Grade-11 မှ မောင်သူရိန်ကိုဦးက လည်းကောင်း၊ အထူးဆု နှစ်ဆုကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း လယ်ဝေး Grade-8 မှ မပန်းပန်းမျိုးမြတ်မြင့်နှင့် ရွှေနံ့သာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဥတ္တရသီရိ Grade-7 မှ မောင်မင်းစစ်မှူး တို့ကလည်းကောင်း ရရှိကြပြီး ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက ဆုများ ပေးအပ်ချီးမြှင့်သည်။



လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပစဉ်။

## ထုတ်လွှင့်မည်

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကျင်းပမှုကို မေ ၂၈ ရက်နှင့် မေ ၂၉ ရက် ည မြန်မာ့အသံရေဒီယိုမှ ပြည်တွင်းသတင်းများ ကြေညာအပြီးတွင် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကို အများပြည်သူစိတ်ဝင်စားမှုပိုမိုရရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေး အသိပညာ မျှဝေလှုံ့ဆော်ခြင်းဖြင့် လူထုလှုပ်ရှားမှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြိုင်ပွဲငါးကြိမ် ကျင်းပမည်ဖြစ်ပြီး တစ်ကြိမ်စီမှ ပထမနှင့် ဒုတိယဆုရရှိသူ နှစ်ဦးစီဖြင့် စုစုပေါင်း ၁၀ ဦးကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**

# နေပြည်တော်အလင်း စီမံချက်ဖြင့် မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိခွဲစိတ်ကုသ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မေ ၂၈

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်/ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ နေပြည်တော်/ ခရိုင်/ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ နေပြည်တော်အလင်းစီမံချက်ဖြင့် ပျဉ်းမနားမြို့နယ် (ခုတင်-၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများ အခမဲ့မျက်စိခွဲစိတ်ကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။**

ထိုသို့ကြည့်ရှုစဉ် နေပြည်တော်တိုင်း ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက မျက်စိအထူးကုဆရာဝန်ကြီး အပါအဝင် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများ အခမဲ့မျက်စိခွဲစိတ်ကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လိုက်လံရှင်းလင်းပြသရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မျက်စိခွဲစိတ်ကုသ မှုခံယူပြီးသည့် လူနာများကို ဆေးမျက်မှန်များ တပ်ဆင်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက လာရောက်ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ဆေးရုံအတွင်း မျက်စိကုသဆောင်တွင် ခွဲစိတ်ကုသမှုခံယူနေသည့် လူနာများ၊ ခွဲစိတ်ခန်းတွင် မျက်စိခွဲစိတ်ကုသ၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ပျဉ်းမနားမြို့နယ် (ခုတင်-၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် နေပြည်တော်အလင်းစီမံချက်ဖြင့် မျက်စိခွဲစိတ်ကုသရန် စာရင်းပေးထားသည့် ၂၇ ဦးအနက်မှ ခွဲစိတ်မည့် မျက်စိဝေဒနာရှင် ၁၁ ဦးကို ခွဲစိတ်ကုသပေးခဲ့ပြီး အဆိုပါလူနာများကို နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့နှင့် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၃၁၈ ဒသမ ၉၁၄ ဘီလီယံဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**



နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာ တင်ထွဋ်၊ ကော်မတီဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြကာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နွေစပါး၊ မိုးစပါး စီမံကိန်း၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာစီမံကိန်း၊ အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက် မွေးမြူရေး စီမံကိန်း၊ ဆက်လက် ဆောင်ရွက်မည့် စိုက်ပျိုးရေရရှိရေး စီမံကိန်းနှင့် နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ သိုး၊ ဆိတ် မွေးမြူရေး စီမံကိန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်မှုတွင် ၂၀၂၂-၂၀၂၃ ခုနှစ်၌ ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းအတွက် သုံးစွဲခဲ့သည့် ချေးငွေနှင့် ဝန်ဆောင်ခအားလုံး ပြန်လည်ရရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိသော စီမံကိန်းလုပ်ငန်းများ၏ ချေးငွေနှင့် ဝန်ဆောင်ခများကို သတ်မှတ်ကာလ အချိန်မီရရှိရေးနှင့် အပြည့်အဝ ကောက်ခံရရှိရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးစပါးစီမံကိန်းအား ရုံးချုပ်နှင့် တိုင်းဒေသကြီး လက်ကျန်ရန်ပုံငွေ နွေစပါးချေးငွေမှ ပြန်လည်ကောက်ခံရရှိမည့် ငွေများဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အဆိုပြုကေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ စိစစ်အဆိုပြုကေ ၉ ဒသမ ၆ သိန်းအား လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆီထွက်သီးနှံ (မိုးမြေပဲ) စီမံကိန်းကေ ၁ ဒသမ ၀၈ သိန်းကို ဆောင်းဆီထွက်သီးနှံမှ ချေးငွေပြန်လည်ကောက်ခံရရှိမည့်ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စုစုပေါင်းကျပ် ၃၁၈ ဒသမ ၉၁၄ ဘီလီယံဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်လေးခုတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မွေးမြူရေးစီမံကိန်းဖြစ်သည့် အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက် မွေးမြူရေးအတွက် ချေးငွေအဆိုပြုလျှောက်ထားလာသူ မွေးမြူသူ၊ မွေးမြူသူအစုအဖွဲ့များ၊ သွင်းအားစုထောက်ပံ့သူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် မွေးမြူရေးစီမံကိန်းတွင် ပါဝင်သည့် နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်နှင့် သိုး၊ ဆိတ်မွေးမြူရေး လုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်နှစ်ခုတို့တွင် ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို ပြည်ထောင်စုနယ်မြေအပါအဝင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၁၈ မြို့နယ်၊ တောင်သူ ၁၃၃ ဦး၊ လုပ်ငန်း ၁၆၃ ခုမှ စိုက်ပျိုးမြေကေ ၁၄၀၀ ကျော်အတွက် စိုက်ပျိုးရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ် ဆေးတလုံးလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ



ပြင်ဦးလွင် မေ ၂၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဆေးတလုံး လယ်/ထွေ သမဝါယမအသင်း လီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က ပြင်ဦးလွင်မြို့နယ် ဆေးတလုံးကျေးရွာ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းကျော်၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်စိန်က ဆောင်ရွက်ပြီး ဘဏ္ဍာရေးရှင်းတမ်းကို ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး ဖြစ်သည့် ဒေါ်သင်းမာဦးက ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍ သဘာပတိက တက်ရောက်လာသော အသင်းသား အသင်းသူများထံမှ အတည်ပြုချက်ရယူခဲ့ပြီး အသင်းမှ အသင်းသား ၂၄၀ အား အစုပေါ်ချီးမြှင့်ငွေကျပ် ၁ ဒသမ ၄၄ သိန်းနှင့်စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၉ ဒသမ ၅၀ သိန်း စုစုပေါင်း ငွေကျပ် ၁၀ ဒသမ ၉၄ သိန်းကျော် ထုတ်ပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဖြူလူသစ် (ပြန်/ဆက်)**



ကျောက်ဆည်မြို့ စက်ရုံများနယ်မြေတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုလှုပ်ရှားမှုအနေဖြင့် စက်ရုံများနယ်မြေတွင် စွန့်ပစ်ပလတ်စတစ်အမှိုက်များ သန့်ရှင်းကင်းစင်စေရန် မေ ၂၅ ရက်က ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ခရိုင်/မြို့နယ်အဆင့် ဆက်စပ်ဌာနဆိုင်ရာများနှင့် စက်ရုံနယ်မြေရှိ အထည်ချုပ်စက်ရုံများမှ ဝန်ထမ်း/လုပ်သားအင်အား ၃၀၀၀ ကျော်ဖြင့် အမှိုက်ကောက်ပွဲ ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် “မဟာသဒ္ဓမ္မဇောတိကဓဇ” နှင့် “သဒ္ဓမ္မဇောတိကဓဇ” သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည့် အခမ်းအနားကျင်းပ

နယူးဒေလီ မေ ၂၈

**အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် “မဟာသဒ္ဓမ္မဇောတိကဓဇ” နှင့် “သဒ္ဓမ္မဇောတိကဓဇ” သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည့် အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံး၌ ကျင်းပသည်။ (ယာပုံ)**



အဆိုပါ အခမ်းအနားသို့ ဂုဏ်ထူးဆောင် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု၊ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် ကုသိနာရုံ မြန်မာကျောင်းတိုက်မှ အဓိပတိ ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့က ကြွရောက်ချီးမြှင့်ခဲ့ပြီး ဗုဒ္ဓဘာသာနိုင်ငံများမှ သံအမတ်ကြီးများ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းပေါင်းစုံမှ ဆရာတော်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင် ညွှန့်သည်တော်သီတဂူဆရာတော်ကြီးနှင့် ကုသိနာရုံ ဆရာတော်ကြီးတို့က ဩဝါဒစကား ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်အစိုးရကိုယ်စား မြန်မာသံအမတ်ကြီးက အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်များဖြစ်သည့် Ven. Bhikkhu Sanghasena ၊ မဟာဗောဓိအပြည်ပြည်ဆိုင်ရာ တရားရိပ်သာ ဒေါက်တာ ဘဒ္ဒန္တဓမ္မပီယ၊ ဓမ္မဒီပ ပညာရေးကျောင်းနှင့် ဒေါက်တာ ဘဒ္ဒန္တ ယသ၊ ဉူးစန္ဒြမဏိ ဆိုနော်လီ မြန်မာကျောင်းတိုက် သာသနဒ္ဓ ဂုဏ်ထူးဆောင်ဘွဲ့များ ဆက်ကပ်အပ်နှင်းခဲ့ပြီး လူမှုထူးချွန်သူ လေးဦးကိုလည်း အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓငြိမ်းချမ်းရေးဆု (International Buddha Peace Awards) များ အပ်နှင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါးအား မြန်မာသံရုံးက ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၈

၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီး နှစ်ပါးအား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း အဆိုပါ သံရုံးမှ အသိပေးထုတ်ပြန်ထားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့သည့် ဂျပန်နိုင်ငံ ဟောက်ဂိုပြည်နယ် ကာတိုမြို့ရှိ Nenbutsushu Sampozan Muryojuji Temple ၏ Chief High Priest နှင့် President of Buddhist Summit ၏ ဆရာတော် Most Ven. Dr. Shinkai KORI နှင့် ဂျပန်နိုင်ငံ ခိတကျူးရှူးမြို့ မိုဂျီ ကမ္ဘာအေးစေတီကျောင်း၊ မြန်မာ ဘုန်းတော်ကြီးကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ပူဇော်ခြင်းအခမ်းအနားကို မေ ၂၅ ရက်တွင် မြန်မာသံရုံး တိုကျိုမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ သံအမတ်ကြီး ဦးစိုးဟန်နှင့် ဇနီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်ထွန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာညွှန့်ပရိသတ်များ၊ ဂျပန်နိုင်ငံမှ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမများ၊ World Buddhist Supreme Conference , Nenbutsushu Sampozan Muryojuji Temple နှင့် ဂျော့ရှင်းအန်း ဝိပဿနာ တရားရိပ်သာမှ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ညွှန့်ပရိသတ်များနှင့် ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် မြန်မာအစိုးရ ပညာတော်သင်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင်ပါရှိသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဖတ်ခြင်းနှင့် ဂျပန်ဆရာတော်များက ဘုရားဂုဏ်တော်များ ရွတ်ဖတ်၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြပြီး ဆက်လက်၍ ဂျပန်နိုင်ငံ၊ အိအိဂျီမ ရပ်ကွက် ဟိုခိုတမြို့ ထေရဝါဒ ဓမ္မစာရီ မြန်မာကျောင်းတိုက်၊ ဂျော့ရှင်းအန်း ဝိပဿနာ တရားရိပ်သာမှ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏုတ္တရထံမှ သီလခံယူဆောက်တည်ခဲ့ကြသည်။ ထို့နောက် သံအမတ်ကြီး ဦးစိုးဟန်က ၂၀၂၄ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီး နှစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဝမ်းမြောက်ဂုဏ်ပြု လျှောက်ထားပြီး ၂၀၂၄ ခုနှစ်၊ သာသနာတော်ဆိုင်ရာ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ် ချီးမြှင့်အပ်နှင်းခံရသည့် ဆရာတော် Most Ven. Dr. Shinkai KORI နှင့် အဘိဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ် ချီးမြှင့်အပ်နှင်းခံရသည့် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ခဲ့သည်။

ဆက်လက်၍ ဂျပန်နိုင်ငံမှ Nenbutsushu Sampozan Muryojuji Temple ၏ Chief High Priest နှင့် President of Buddhist Summit ၏ ဆရာတော် Most Ven. Dr. Shinkai KORI နှင့် ဂျပန်နိုင်ငံ၊ ခိတကျူးရှူးမြို့ မိုဂျီ ကမ္ဘာအေးစေတီကျောင်း၊ မြန်မာဘုန်းတော်ကြီး ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတတို့က ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရခြင်းအတွက် ဝမ်းမြောက်စကား မိန့်ကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ညွှန့်ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်းနှင့် သံအမတ်ကြီးနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ညွှန့်ပရိသတ်များက ဂုဏ်ပြုခံဆရာတော်ကြီးနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

MT – ASH

# အင်းစိန်မြို့နယ် စာပေဉယျာဉ်အသင်း မိုးရာသီစာဖတ်ဝိုင်းဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၈

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ (အင်းစိန်မြို့နယ်) မြို့နယ်စာပေဉယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ မိုးရာသီစာဖတ်ဝိုင်းဆွေးနွေးခြင်းနှင့် စာအုပ်လှူဒါန်းခြင်းကို မေ ၂၇ ရက် မွန်းလွဲ ၁ နာရီက အင်းစိန် ခရိုင် ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် မြို့နယ်စာပေဉယျာဉ်အသင်းအမှုဆောင် စာရေးဆရာမ ရွှေဘုတ်(အင်းစိန်)တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ အသင်းနာယက ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ စာရေး ဆရာအသင်းဉက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)တို့က အမှာစကားများ ပြောကြား၍ စာပေဉယျာဉ်အသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်း ဉက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ – တောင်တွင်းကြီး)က “မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှင်သန်ခိုင်မာရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာမဖတ်သူပပျောက်ရေးနှင့် မျိုးဆက်သစ်လူငယ်များ စာပေဗဟုသုတတိုးပွားရရှိရေးတို့အတွက် ” စာဖတ်ဝိုင်းဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ထို့ကြောင့် ဤအရာကို သမ/ကျေးလက်ဟု ခေါ်ပါသည်

မြင့်စိုး(နတလ)

### ယခင်နှင့်ယခု မှတ်တမ်းပြုရာကအစ

ကျွန်တော် မြင့်စိုး(နတလ)သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပေရာ နယ်စပ်ဒေသများ၏ ယခင်မဖွံ့ဖြိုးသေးသော အခြေအနေ၊ ယနေ့ ဖွံ့ဖြိုးတိုးတက်ပြီး အစစအရာရာ ကွာဟပြောင်းလဲလာခဲ့သော အခြေအနေတို့ကို လက်တွေ့မြင်ခဲ့ဖူးကြုံခဲ့ဖူးသည်။ မှတ်တမ်းမှတ်ရာလည်း ပြုခဲ့ဖူးပါသည်။ ယခင် ပန်ဆန်းကျေးရွာ (၁၉၈၉) နှင့် ယနေ့ ပန်ဆန်းမြို့၊ ယခင် လောက်ကိုင်ကျေးရွာ (၁၉၈၉) နှင့် ယနေ့ လောက်ကိုင်မြို့ မြင်ကွင်းများသည်လည်းကောင်း၊ ယခင် ပန်ဝါကျေးရွာနှင့် ယခု ပန်ဝါမြို့၊ ယခင် နမ့်တစ်ကျေးရွာနှင့် ယခု နမ့်တစ်မြို့၊ ယခင် မိုင်းလားကျေးရွာ (၁၉၈၉) နှင့် ယခု မိုင်းလားမြို့ မြင်ကွင်းများသည်လည်းကောင်း၊ အလားတူ သံလွင်တံတား (တာကော်အကဲ) မတည်ဆောက်မီ သံလွင်မြစ်ကို ပွန်တွန်းလှေဖြင့် ဖြတ်ကူးခဲ့ရပုံ၊ မိုင်းလား အ.ထ.ကကျောင်းကြီး ဖြစ်မလာမီ ရေးနှစ်ပေါင်းများစွာက မိုင်းလား အ.မ.က ကျောင်းလေးကို သက်ငယ်မိုးထရံကာ၊ ဝါးစာသင်ခုံလေးများဖြင့် ဆောက်လုပ်ဖွင့်လှစ်သင်ကြားပေးခဲ့ရပုံများကိုလည်းကောင်း နှလုံးသားကင်မရာဖြင့် ပြက်ပြက်ထင်ထင် ရိုက်ထားမိသကဲ့သို့ မှတ်တမ်းဓာတ်ပုံများကိုလည်း နောင်းလူတို့ သိရှိစေရန်အလို့ငှာ ထုတ်ဝေခဲ့ဖူးသည့် စာအုပ်အမျိုးမျိုးတွင် ဖော်ပြပေးထားပါသည်။ ထို့ပြင်တဝ နတလလုပ်ငန်းများ၏အစ ၁၉၈၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဝန်ကြီးတာဝန်၊ ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်သွားခဲ့သူများ၊ နတလညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့သူများကိုလည်း မှတ်တမ်းပြုပေးခဲ့ဖူးသည်။ ပြည်ထောင်စုဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သူများ၏ ဓာတ်ပုံများကို ထမ်းဆောင်ခဲ့သည့်ကာလနှင့်တွဲ၍ အစည်းအဝေးခန်းမ၌ ချိတ်ဆွဲဂုဏ်ပြုပေးခဲ့သည်။ ကျွန်တော်ရှိနေစဉ် ကာလ၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့် (ကွယ်လွန်) (၂၄-၉-၁၉၉၂ မှ ၁၅-၁၁-၁၉၉၇) မှသည် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (၃-၃-၂၀၁၆ မှ စတင်သည်) အထိဖြစ်ပါသည်။ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၏ နောက်လက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန်ကို ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ထမ်းဆောင်လျက်ရှိပါသည်။

ထိုကဲ့သို့ မှတ်တမ်းပြုခဲ့ဖူးသဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ရချိန်မှာလည်း ပြည်ထောင်စုဝန်ကြီးအဆက်ဆက်၏ ဓာတ်ပုံများ ချိတ်ဆွဲထားရှိရန် အကြံပြုပေးခဲ့ပါသည်။ ထိုသို့ အကြံပြုချက်အရ ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ချစ်ဆွေ (၁၉၈၈-၁၉၈၉)၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော် (၁၉၈၉-၁၉၉၂)၊ ဗိုလ်ချုပ် မြသင်း(၁၉၉၂-၁၉၉၃)၊ ဦးသန်းအောင် (၁၉၉၃- ၁၉၉၈)၊ ဦးအောင်စန်း (၁၉၉၈-၂၀၀၂)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ငွေ (၂၀၀၂-၂၀၀၃)၊ ဗိုလ်ချုပ် ဌေးဦး (၂၀၀၃-၂၀၀၄)၊ ဗိုလ်မှူးကြီးဇော်မင်း (၂၀၀၄-၂၀၀၆)၊ ဗိုလ်ချုပ်တင်ထွတ် (၂၀၀၆-၂၀၁၁)၊ ဦးအုန်းမြင့် (၂၀၁၁-၂၀၁၂)၊ ဦးကျော်ဆန်း (၂၀၁၂-၂၀၁၅) တို့၏မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ သမဝါယမဝန်ကြီးဌာနကြီး ငါးနှစ်တာ ပျောက်ကွယ်သွားပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းပေးသောအခါ ပြည်ထောင်စုဝန်ကြီး တာဝန်ယူခဲ့ရသည့် ဦးလှမိုး၏ ဓာတ်ပုံကိုလည်းကောင်း ချိတ်ဆွဲထားရှိ မှတ်တမ်းပြုပေးခွင့်ရခဲ့ပါသည်။

### အတိတ်ကာလဆီက သမဝါယမနိဒါန်း

ကျွန်တော်က ဤသို့ဆိုလိုက်သဖြင့် သမဝါယမဆိုသည်မှာ နဝတ၊ နယကခေတ်က စခဲ့သလားဟူ၍ သို့လောသို့လော တွေးစရာဖြစ်သွားနိုင်ပါသည်။ မဟုတ်ပါ။ သမဝါယမ၏ လာရာကို ပြန်လည်မှန်းဆကြည့်လိုက်လျှင် ရေးနှစ်ပေါင်းများစွာကတည်းက သန္ဓေတည်ခဲ့သော၊ အစဉ်အလာကောင်းများနှင့် ခရီးနှင်ခဲ့သော သမဝါယမအခန်းကဏ္ဍ၏ နိဒါန်းအစအထိ လှမ်း၍တွေ့မြင်ရပါလိမ့်မည်။ အဆိုပါကာလများ၌ သမဝါယမမင်းကြီး၊ သမဝါယမဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သူများကို ခေတ်အလိုက်ခွဲခြားဖော်ပြပေးလိုပါသည်။ ကိုလိုနီခေတ်ကာလဖြစ်သော ၁၉၀၄ ခုနှစ်မှ ၁၉၀၆ ခုနှစ်များအတွင်း သမဝါယမမင်းကြီးတာဝန်ကို Mr. Fielding Hall၊ Mr. English၊ Mr. Clayton ၊ Mr. C.Wc Dumm၊ Mr. C.R.p Cooper၊ Mr. F.H Fergaty၊ Mr. R.K. Hamper၊ ဦးဘိုတင်၊ ဦးတင်ကြီး၊ ဦးကြင်၊ ဦးတင်၊ ဦးအောင်စိုးတို့ ထမ်းဆောင်ခဲ့ကြသည်။ ပါလီမန်ခေတ်တွင် ဦးကျော်ငြိမ်း၊ ဦးထွန်းဝင်း၊ ဦးသာခင်နှင့် ဗိုလ်မှူးချုပ်တင်ဖေတို့က ဝန်ကြီးများဖြစ်ခဲ့ကြပြီး ဦးစိုးတင့်၊ ဦးညီညီနှင့် ဦးစောစံရွှေတို့က သမဝါယမမင်းကြီးအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ဆိုရှယ်လစ်ခေတ် သမဝါယမဝန်ကြီးများမှာ ဗိုလ်မှူးချုပ်တင်ဖေ၊ ဗိုလ်မှူးကြီးမောင်လွင်၊



သမဝါယမဝေါဟာရကို စတင်တီထွင်ခဲ့သူ သမဝါယမဝန်ထောက်မင်း ဦးမောင်မောင်ပြား (၁၉၀၄ ခုနှစ်)



မြန်မာနိုင်ငံတွင် သမဝါယမအသင်းများကို ဦးဆောင်ဦးရွက်ပြု၍ စတင်ဖွဲ့စည်းခဲ့သူ ဦးမိုး (၁၉၀၆ ခုနှစ်)

ဦးဘညိမ်း၊ ဗိုလ်မှူးကြီး စိန်လွင်၊ ဗိုလ်မှူးကြီး ထွန်းတင်၊ ဗိုလ်မှူးကြီးစိန်ထွန်းနှင့် ဦးသန်းလှိုင်တို့ ဖြစ်ကြပါသည်။

### Co-operation မှ သမဝါယမသို့

အိန္ဒိယနိုင်ငံကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး ၁၈၈၆ ခုနှစ်တွင် ဗြိတိသျှ နယ်ချဲ့လက်အောက်ခံ ကိုလိုနီဘဝသို့ ကျရောက်ခဲ့သည်။ ၁၈၉၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို အိန္ဒိယအင်ပါယာ၏ တစ်စိတ်တစ်ဒေသအဖြစ် ထားရှိကာ အိန္ဒိယဗဟိုအစိုးရ ကွပ်ကဲမှုအောက် ဒုတိယဘုရင်ခံတစ်ဦး ထားရှိ၍ အုပ်ချုပ်ခဲ့သည်။ အိန္ဒိယဗဟိုအစိုးရသည် ဥရောပတိုက်ရှိ ဂျာမနီ၊ အီတလီနိုင်ငံများ၌ အောင်မြင်မှုရရှိနေသော သမဝါယမလုပ်ငန်းများကို စံနမူနာယူ၍ သမဝါယမအက်ဥပဒေတစ်ရပ် ရေးဆွဲကာ ၁၉၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေသည် ထိုစဉ်က အိန္ဒိယလက်အောက်ခံ မြန်မာနိုင်ငံအတွက်လည်း အလိုအလျောက် သက်ရောက်စေခဲ့သည်။ သည့်အတွက် မြန်မာနိုင်ငံ၌ ၁၉၀၅ ခုနှစ်မှစ၍ သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ တစ်နည်းဆိုရသော် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် နိုင်ငံတွင်း စီးပွားရေးကျပ်တည်းမှုပြဿနာကို ဖြေရှင်းရာတွင် ဆောင်ရွက်ခဲ့သော ဂျာမနီ၊ အီတလီတို့၏ နည်းလမ်းကို အတုယူခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏ စီးပွားရေးကျပ်တည်းမှုပြဿနာကို ဖြေရှင်းသည့်နည်းလမ်းမှာ လူအများစုပေါင်း၍ အသင်းများ ဖွဲ့စည်းလုပ်ကိုင်သည့် နည်းစနစ်ဖြစ်သည်။ Co-operation ဟု ခေါ်ဝေါ်ခဲ့ပြီး "အတူတကွပူးပေါင်း၍ ဆောင်ရွက်ခြင်း" ဟု အဓိပ္ပာယ်ရပါသည်။

❖ သမဆိုသည့် ပါဠိစကားသည် မျှမျှတတ၊ ညီတူညီမျှဟူသော အနက်ကိုပေးသည်။ ဝါယမ (ဝါယာမ)က လုံ့လပြုသည်၊ ကြိုးပမ်းသည်၊ အားထုတ်သည်ဟု အဓိပ္ပာယ်ရသည်။ Co-operation က အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဟု ယေဘုယျအဓိပ္ပာယ်ကိုသာ ဖော်ဆောင်သော်လည်း သမဝါယမအဓိပ္ပာယ်ကမူ ပို၍လေးနက်သည်။ လုပ်ငန်းတစ်ခုခုကို လူအများစုပေါင်းဆောင်ရွက်ကြရာ၌ ပါဝင်သောပုဂ္ဂိုလ်တိုင်းသည် မိမိ၏ ကာယ၊ ဉာဏလုပ်အားများဖြင့် မိမိစွမ်းဆောင်နိုင်သည့် နေရာအသီးသီးမှ ရေသာမခို လှေကြုံမလိုက်ဘဲ အများနှင့်ညီတူညီမျှ တက်ညီလက်ညီ အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထား

မြန်မာနိုင်ငံအတွက်မူ Co-operation ဆိုသည့် အင်္ဂလိပ်စကားလုံးကို ဘာသာပြန်ဆိုရန် လိုအပ်လာသဖြင့် အစိုးရဘာသာပြန်ဌာန (Government Translation Department) က ပါဠိစကားလုံး သမနှင့် အခြားစကားလုံး ဝါယမတို့ကိုယူ၍ "သမဝါယမ" ဟူသော ပါဠိပျက်ဝေါဟာရ အသစ်တစ်ခု တီထွင်ပြန်ဆိုပေးခဲ့ပါသည်။ သမဆိုသည့် ပါဠိစကားသည် မျှမျှတတ၊ ညီတူညီမျှဟူသော အနက်ကိုပေးသည်။ ဝါယမ(ဝါယာမ)က လုံ့လပြုသည်၊ ကြိုးပမ်းသည်၊ အားထုတ်သည်ဟု အဓိပ္ပာယ်ရသည်။ Co-operation က အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဟု ယေဘုယျအဓိပ္ပာယ်ကိုသာ ဖော်ဆောင်သော်လည်း သမဝါယမအဓိပ္ပာယ်ကမူ ပို၍လေးနက်သည်။ လုပ်ငန်းတစ်ခုခုကို လူအများစုပေါင်းဆောင်ရွက်ကြရာ၌ ပါဝင်သောပုဂ္ဂိုလ်တိုင်းသည် မိမိ၏ ကာယ၊ ဉာဏလုပ်အားများဖြင့် မိမိစွမ်းဆောင်နိုင်သည့် နေရာအသီးသီးမှ ရေသာမခို လှေကြုံမလိုက်ဘဲ အများနှင့်ညီတူညီမျှ တက်ညီလက်ညီ အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ (တွဲဖက်သမဝါယမမင်းကြီး ဦးလှမောင် ရေးသားသော သမဝါယမနိဒါန်းမှ)။ ထိုအချက်အလက်များကို ထောက်ရှု၍ သမဝါယမဟူသော စကားရပ်သည် မြန်မာနိုင်ငံ၌ သမဝါယမအသင်းများ တည်ထောင်ခဲ့သည့် ၁၉၀၅ ခုနှစ်ကပင် စတင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

### သမဝါယမဝေါဟာရကို တီထွင်ခဲ့သူ ဦးမောင်မောင်ပြား

ဦးမောင်မောင်ပြားသည် မြန်မာဘုရင်သီပေါမင်းလက်ထက် မြင်းတပ်ကို တာဝန်ခံအုပ်ချုပ်ရသော မင်းကြီးမဟာမင်းလှကျော်ထင်ဘွဲ့ရ မြင်းစီးဝန်ကြီး

*စာမျက်နှာ ၁၂ သို့*

# ကင်ဆာရောဂါကုသရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

ဒေါက်တာသက်မွန်သန်း

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်(၂) ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းဝေးရေးတို့ကို အခြေခံကာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ၊ ကုသရေးလုပ်ငန်းများ ဟန်ချက်ညီညီတိုးတက်အောင် ဆက်စပ်သောဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် လက်တွဲကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖော်ပြချက်အရ ကင်ဆာရောဂါသည် သေဆုံးမှုများတွင် ဒုတိယအများဆုံးဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ သေဆုံးသူ ၉ ဒသမ ၆ သန်းခန့်အထိ ရှိနိုင်မည်ဟု ခန့်မှန်းထားရှိပါသည်။ ကင်ဆာရောဂါဆိုသည်မှာ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းတစ်ခုခု၌ ပုံမှန်မဟုတ်သော ဆဲလ်များ ပုံမှန်မဟုတ်ကြီးထွားပျံ့နှံ့မှုကြောင့် ဖြစ်ပေါ်လာသည့် ရောဂါဖြစ်ပါသည်။

### ရောဂါအဆင့်ပေါ်မူတည်၍ ကုသမှုများဆောင်ရွက်

ကင်ဆာရောဂါအမျိုးအစား အမျိုးမျိုးရှိသည့်အနက် ကုသ၍ပျောက်ကင်းသော ရောဂါများရှိသကဲ့သို့ ရောဂါကို စောစီးစွာသိရှိကာ ကုသမှုခံယူခြင်းဖြင့် ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ကာ ရောဂါကို သက်သာပျောက်ကင်းမှု ပိုမိုကောင်းမွန်စေနိုင်ပါသည်။ ကင်ဆာရောဂါကို ကုသရာတွင် ကင်ဆာအလုံးအကျိတ်များကို ခွဲစိတ်ကုသမှုဆောင်ရွက်ခြင်း၊ ဆေးသွင်းကုသမှုပေးခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုပေးခြင်း၊ ရေဒီယိုသတ္တိကြွ အိုင်အိုဒင်းကို အသုံးပြု၍ သိုင်းရွိုက်ကင်ဆာကုသခြင်းတို့အပြင် စိတ်ပိုင်းဆိုင်ရာ အားပေးကုသမှု၊ ကင်ဆာကြောင့် နာကျင်မှုဝေဒနာ သက်သာစေရေး ကုသမှုတို့လည်း ပါဝင်ပါသည်။ ရောဂါဖြစ်ပွားသည့်နေရာ၊ ရောဂါပျံ့နှံ့မှု၊ ရောဂါအဆင့်တို့ပေါ်မူတည်၍ ကင်ဆာရောဂါကုသမှုများကို ရွေးချယ်ဆောင်ရွက်ရပါသည်။

မြန်မာနိုင်ငံတွင်လည်း ကင်ဆာရောဂါသည် သေဆုံးမှုအများဆုံးရောဂါများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အဖြစ်အများဆုံး ရောဂါများအနေဖြင့် ခံတွင်း၊ လည်ချောင်းနှင့် ဦးခေါင်းပိုင်းဆိုင်ရာ ကင်ဆာရောဂါ၊ အဆုတ်ကင်ဆာ၊ သားအိမ်နှင့် သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အူမကြီး (ဝမ်းအိမ်)ကင်ဆာများဖြစ်သည်ဟု သိရှိရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကုသရေးလုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်ရာ၌ ကင်ဆာရောဂါကုသရေး လုပ်ငန်းများကိုလည်း ဦးစားပေးလုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ကင်ဆာရောဂါကုသရေးဆေးဝါးများကို လုံလောက်စွာဝယ်ယူကာ ပြည်သူ့ဆေးရုံများ၌ လူနာများအား ကုသမှုများဆောင်ရွက်ပေးလျက်ရှိပြီး ဓာတ်ရောင်ခြည်ကုသမှုနှင့် ရောဂါရှာဖွေရေးဆိုင်ရာ စက်ပစ္စည်းများကို နှစ်စဉ်ဝယ်ယူဖြည့်ဆည်းပေးလျက်ရှိပါသည်။ ပြည်တွင်းပညာရှင်များအား ပြည်ပသို့ လေ့လာရေးစေလွှတ်ခြင်း၊ ပြည်ပပညာရှင်များ ဖိတ်ကြား၍ နည်းပညာဖလှယ်ခြင်း၊ ပြည်တွင်း၌ ကင်ဆာရောဂါကုသမှုဆိုင်ရာ ဆေးပညာရှင်များနှင့် အထောက်အကူပြုဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ခြင်း၊ စဉ်ဆက်မပြတ် ပညာသင်ကြားရေး အစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

### ကင်ဆာရောဂါလူနာများအား ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ဆေးရုံကြီးများတွင် ကင်ဆာဆေးပညာဆိုင်ရာ အထူးကုဆရာဝန်ကြီးများကို တာဝန်ချထားကာ ကင်ဆာရောဂါကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိသလို ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများက



မန္တလေးပြည်သူ့ဆေးရုံကြီး၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အသစ်တပ်ဆင်ထားသော ဓာတ်ရောင်ခြည်ကုသစက် (Elekta Infinity – LA)။

**❂ ကင်ဆာရောဂါဖြစ်ပွားမှုများ များပြားလာသော်လည်း ကုသမှုများလည်း တိုးတက်လျက်ရှိပြီး ကင်ဆာရောဂါအများအပြားကို ဓာတ်ရောင်ခြည်ကုသမှုဖြင့် သက်သာပျောက်ကင်းနိုင်ခြင်းကြောင့် ရောဂါဖြစ်ပွားပါက စောစီးစွာကုသမှုခံယူရန်၊ ကုသမှုကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ဆေးမြီးတိုဖြင့် ကုသပါက အချိန်ကုန်ပြီး ရောဂါမလွန်သင့်ဘဲ လွန်စေတတ်၍ အသက်ဆုံးရှုံးနိုင်သည်ကို သတိပြုသင့်**




ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တပ်ဆင်ထားရှိသော Cyclotron စက်။

ကင်ဆာရောဂါအတွက် လိုအပ်သောခွဲစိတ်ကုသမှုများအပြင် ကင်ဆာရောဂါလူနာများအား ဆေးသွင်းကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကင်ဆာဓာတ်ရောင်ခြည် ကုသမှုများအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တောင်ကြီးမြို့-စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတို့၌ ဓာတ်ရောင်ခြည်ဖြင့်ကုသစက် (Linear Accelerator–LA) ရှစ်လုံး၊ Cobalt စက် နှစ်လုံး၊ ဓာတ်အပ်စိုက်ကုသမှု/အတွင်းဓာတ်ရောင်ခြည်ကုသမှု (Brachytherapy) စက်လေးလုံးတို့ဖြင့် ကင်ဆာလူနာများအတွက် ဓာတ်ရောင်ခြည်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရောဂါတိကျစွာ ရှာဖွေနိုင်ရေးအတွက် အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးနှင့် ကုသရေးဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့၌ ဖွင့်လှစ်ထားရှိကာ SPECT/CT (Single Photon Emission Computed Tomography scan with a Computed Tomography – CT scan) စက်တစ်လုံးစီ တပ်ဆင်ထားရှိပြီး အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ရေဒီယိုသတ္တိကြွအိုင်အိုဒင်း တိုက်ကျွေး၍ သိုင်းရွိုက်ကင်ဆာကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါပျံ့နှံ့မှုကို စိစစ်ပေးသည့်စက် (PET/CT – Positron Emission Tomography scan with a Computed Tomography – CT scan) ကိုပါ တပ်ဆင်ထားရှိပြီး အဆိုပါစက်အတွက် လိုအပ်သော ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်း ဆေးရည် $^{18}$F–FDG (Fludeoxyglucose 18 F) ထုတ်လုပ်သည့် Cyclotron စက်ကိုလည်း တပ်ဆင် ထားရှိပါသည်။ ကင်ဆာရောဂါလူနာများ၏ နာကျင်မှုဝေဒနာ ကုသရေးအတွက် ဆေးခန်း (Pain clinic)များ ကိုလည်း ဖွင့်လှစ်ထားရှိကာ ကင်ဆာရောဂါကုသမှုအတွက် နေထိုင်စားသောက်ရေး လိုအပ်ချက်များရှိပါက လူမှုရေးဆိုင်ရာ ကူညီမှုများရရှိနိုင်ရေးအတွက် ဆေးလူမှုဆက်ဆံရေးဌာနများမှ လူမှုရေးအသင်းအဖွဲ့များ၊ ကင်ဆာဖောင်ဒေးရှင်းများနှင့် ချိတ်ဆက်ကာ ကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။


ထို့ပြင် ကလေးကင်ဆာရောဂါဝေဒနာရှင်များအတွက် ရန်ကုန်နှင့် မန္တလေးရှိ ကလေးရောဂါအထူးကုဆေးရုံများ၌ ကလေးသွေးနှင့် ကင်ဆာရောဂါကုသရေးဌာနများ ဖွင့်လှစ်ထားရှိပြီး ရန်ကုန်၊ မန္တလေးသာမက နိုင်ငံအဝန်းရှိ ပြည်သူ့ဆေးရုံကြီးများနှင့် ချိတ်ဆက်ကာ ကုသမှုဆိုင်ရာအကြံပြုချက်များပေး၍ ကုသပေးလျက်ရှိပါသည်။

*စာမျက်နှာ ၁၂ သို့*

# မြန်မာစာ မြန်မာစကား

## ဖြည်းဖြည်း

ယာဉ်လမ်းညွှန်ဆိုင်းဘုတ်များတွင် **"ဖြေးဖြေးမောင်း"** ဟူ၍ လည်းကောင်း၊ **"ဖြည်းဖြည်းမောင်း"**ဟူ၍ လည်းကောင်း နှစ်မျိုးရေးနေကြသည်။ ထိုနှစ်မျိုးတွင် **"ဖြည်းဖြည်းမောင်း"**ဟု ရေးပါမှ စာလုံးပေါင်းသတ်ပုံရေးထုံးနှင့် ညီပါမည်။




**ဝဏ္ဏဗောဓနသတ်အင်း၊ ကဝိလက္ခဏာသတ်ပုံသံပေါက်၊ ကဗျာသာရတ္ထသင်္ဂဟ** တို့မှစ၍ အစဉ်အဆက်သတ်ပုံကျမ်း အစောင်စောင်၊ နောက်ဆုံး မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း အထိ သတ်ပုံကျမ်းများတွင် **"ဖြည်းဖြည်း"** ဟုသာ ရေးထုံးပြခဲ့ပါသည်။ ဝဏ္ဏဗောဓနသတ်အင်းတွင် **"ပျပျဖြည်းဖြည်း၊ သာသာဖြည်းဖြည်း"**ဟု ပြထားသည်။ ကဝိလက္ခဏာသတ်ပုံသံပေါက်တွင်လည်း **"နာပျော်ဖွယ်ချည်း၊ သံခြည်းခြည်း၊ ဖြည်းဖြည်းညင်းညင်းဆို"** ဟူ၍ ပြထားသည်။

ကဗျာသာရတ္ထသင်္ဂဟတွင် **"ဖြည်းညင်းဖြည်းညှံ့၊ ပျံ့ဖြည်းသာဖြည်း၊ တဖြည်းဖြည်းလျှင်၊ ရစ်နည်းစေ့စပ်"**ဟူ၍ မှာထားသည်။

အဆိုပါ သတ်ပုံဆရာကြီးများက **"ဖြည်းဖြည်း"** ဟု အရစ်ညသတ်ဖြင့် ပြဋ္ဌန်းခဲ့ကြသည်မှာလည်း ရှေးကဗျာလင်္ကာ အစပ်အဟပ် အကိုးအထောက် အညွှန်အပြ ရှိခဲ့သဖြင့်သာ ဖြစ်ပေသည်။

ထင်ရှားသော အကိုးသာဓက တစ်ခုနှစ်ခု ထုတ်ပြရလျှင်-

အဘယ်ရွာက၊ လာသနည်းဟု၊ ဖြည်းဖြည်း မေးတော်မူလတ်တည်း။

[၈၄၆၊ ဘူရိဒတ်လင်္ကာ၊ ပိုဒ်- ၁၂၁။]

ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား၊ တိမ်မည်းမဆိုင်။

[၈၇၉၊ ဂါထာ ခြောက်ဆယ်ပျို့၊ ပိုဒ်- ၁၂။]

ဇရိုက်ခြည်းခြည်း၊ ဖြည်းဖြည်းညင်းညင်း၊ သာချင်းရတု။

[၈၉၁၊ သံဝရပျို့၊ ပိုဒ် - ၁၆၈]

စသည်တို့ ဖြစ်ပါသည်။

**ဖြည်းဖြည်း** ဟု ရေးသော်လည်း **ဖြေးဖြေး** ဟု အသံထွက်ကြပါသည်။ ထို့ကြောင့်လည်း မြန်မာအဘိဓာန်တွင် **"ဖြည်းဖြည်း"** ဟူသော ဝေါဟာရကို **"ဖြည်းဖြည်း/ဖျေးဖျေး/ကြိဝိ၊ အမြန်မဟုတ်ဘဲ"**ဟု ပြထားခြင်း ဖြစ်ပါသည်။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းတွင်လည်း **"ဖြည်းညင်း၊ ဖြည်းဖြည်းဆေးဆေး၊ ဖြည်းသုတ်"**ဟူသော ဝေါဟာရများကို ဖ တွင် ရရစ် ညသတ်လျက် ပြထားပါသည်။ **ဖြေး** ဟူသော အရေးပြမထားပါ။

သို့ဖြစ်ရာ ကားမောင်းနေသော ပုဂ္ဂိုလ်တစ်ဦးသည် **"ဖြည်းဖြည်းမောင်း"** ဟူသော ဆိုင်းဘုတ်ကိုလည်း တွေ့ရ၊ **"ဖြေးဖြေးမောင်း"**ဟူသော ဆိုင်းဘုတ်ကိုလည်း တွေ့ရသဖြင့် **"ဘယ်ဟာမှန်ပါလိမ့်"**ဟု အတွေးမဝင်ရလေအောင် **"ဖြည်းဖြည်းမောင်း"** ဟူသော **"ထုံးမီစံမျှ အရိုးကျသက်သေရ သဘောမိ"** သတ်ပုံမှန်ကိုသာ စွဲမြဲစွာ မှတ်ထားရေးသားနိုင်ကြပါစေသတည်း။

**ဖြည်းဖြည်းဟူသမျှမှာ၊ ရစ်လျက်သာ ညသတ်ဘိ။**
**သဝေထိုးကာ တဖြေးဖြေး၊ ရေးထုံးမရှိ။**

**မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

---

*စာမျက်နှာ ၁၀ မှ*

ဦးသောကြာ၏ သားဖြစ်သည်။ ဦးမောင်မောင်ပြားသည် ဘုန်းကြီးကျောင်းထွက် တစ်ဦးဖြစ်ပြီး ကျောက်ကန်ထရိုက်လုပ်ငန်းများ ဆောင်ရွက်၍ သမဝါယမစည်းရုံးရေးမှူး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံ၌ ၁၉၀၅ ခုနှစ်တွင် သမဝါယမလုပ်ငန်းများ စတင်ခဲ့ရာ ပထမဆုံး သမဝါယမမင်းကြီး Mr. Fielding Hall နှင့်အတူ သမဝါယမအသင်းများ ဖွဲ့စည်းရန်အတွက် စေတနာ့ဝန်ထမ်းစည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ပြင် ဦးမောင်မောင်ပြားသည် Co-operation စကားရပ်ကို "သမဝါယမ"ဟူသော ပါဠိပျက်စကားရပ်သို့ ဘာသာပြန်ဆိုပေးခဲ့သူဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ၁၉၁၆ ခုနှစ်တွင် သမဝါယမအသင်း စည်းကမ်းအမေးအဖြေစာအုပ်ကို မြန်မာဘာသာဖြင့် ပထမဆုံး ရေးသားပြုစုခဲ့သူလည်းဖြစ်သည်။ သမဝါယမဝန်ထောက်မင်းအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရပြီး အမှုထမ်းကောင်းဆုတံဆိပ် (A.T.M, C.I.E, M.B.E) ဘွဲ့တံဆိပ်များ အပ်နှင်းခြင်းခံရသည်။

### မနာလိုလောက်အောင်ဖြစ်

၁၉၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့သော တတိယအကြိမ် စိုက်ပျိုးရေးနှင့် သမဝါယမနှီးနှောဖလှယ်ပွဲ၌ လက်ထောက်ဘုရင်ခံချုပ် တက်ရောက်ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း၊ ထိုသို့ပြောကြားရာတွင် ကျွန်ုပ်တို့ မနာလိုလောက်အောင် ဖြစ်စေသည်အထိ သမဝါယမရည်းမှန်းချက်၊ ရည်ရွယ်ချက်များနှင့် ပတ်သက်သော ဗဟုသုတများစွာရှိသည့်အပြင် ၎င်းဗဟုသုတများကို ဝေမျှပေးရာတွင် စကားပြောကောင်းပြီး စွမ်းအားအပြည့် ဆောင်ရွက်ခဲ့သော သမဝါယမဝန်ထောက် ဦးမောင်မောင်ပြားအား အထူးပင်ကျေးဇူးတင်ပါသည်ဟု ထည့်သွင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ သမဝါယမဝန်ထောက် ဦးမောင်မောင်ပြား၏ စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှုတို့ကြောင့် ၁၉၁၉ ခုနှစ်မှ ၁၉၂၁ ခုနှစ်အတွင်း မလှိုင်သမဝါယမ ဝါကြိတ်စက်ရုံကို တည်ထောင်ခြင်း၊ စစ်ကိုင်းသမဝါယမဆန်စက် ပေါ်ပေါက်လာရခြင်းတို့အပြင် မန္တလေးသမဝါယမအသင်းကိုလည်း အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

### စိုက်ပျိုးရေးနှင့် သမဝါယမ နှီးနှောဖလှယ်ပွဲများ

စိုက်ပျိုးရေးနှင့် သမဝါယမနှီးနှောဖလှယ်ပွဲကို ၁၉၁၁ ခုနှစ်တွင် မန္တလေးမြို့တော် ရွှေနန်းတော်တောင်စမုခ်၌ စတင်ကျင်းပခဲ့ပြီး ဘုရင်ခံကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရန် သတ်မှတ်ပြီး ၁၉၂၅ ခုနှစ်အထိ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ယင်းနှီးနှောဖလှယ်ပွဲများတွင် ကုန်စည်ပြပွဲများလည်း ပါဝင်ခဲ့ပေရာ ဆောင်းဒါးရက်ကန်း ပညာသင်တန်းကျောင်း (ယခု ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ)၊ အမရပူရနှင့် မန္တလေးမြို့တို့မှ ပရိဘောဂအမျိုးမျိုး ထုတ်လုပ်သော သမဝါယမအသင်းများ ပါဝင်ပြသကဲ့သ မြင်းခြံ ဝါကြိတ်စက်ရုံထွက်ပစ္စည်းများ၊ ဝါနှင့် သိုးမွှေးချည်အိတ်များ၊ ထီးအမျိုးမျိုး၊ ယွန်းထည်နှင့် ပိုးထည်ပစ္စည်းများ၊ ပန်းပုလက်ရာအမျိုးမျိုး၊ ငွေထည်ပစ္စည်းအမျိုးမျိုး၊ ကျေးရွာထွက်ကုန် လက်မှုအနုပညာပစ္စည်းအမျိုးမျိုး တို့ကိုလည်း ထည့်သွင်းပြသခဲ့ကြောင်းလည်း သိရသည်။

### ဆက်ရန်ရှိပါသေးသည်

ဤသည်တို့မှာ မြန်မာနိုင်ငံ၏ ကိုလိုနီခေတ် သမဝါယမလုပ်ငန်းများ၏ အစောပိုင်းပုံရိပ်အချို့ကို ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် ဥရောပနိုင်ငံများ၊ အာရှ၊ အရှေ့တောင်အာရှနိုင်ငံများမှ အောင်မြင်နေသော သမဝါယမအသင်းများ၊ လုပ်ငန်းများကို စံနမူနာယူလျက် ပါလီမန်ခေတ် ဆိုရှယ်လစ်ခေတ်နှင့် ဈေးကွက်စီးပွားရေး ကျင့်သုံးသောခေတ်တစ်လျှောက် သမဝါယမစနစ်နှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သည့်အတွက် အာရှ၊ ဥရောပနိုင်ငံများရှိ အောင်မြင်နေသော သမဝါယမအသင်းများ အကြောင်းကိုလည်းကောင်း၊ မိမိတို့နိုင်ငံ၏ ခေတ်စနစ်အလိုက် ဖြတ်သန်းခဲ့သော သမဝါယမပုံရိပ်များကိုလည်းကောင်း၊ ယနေ့ မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်းစဉ်များကိုလည်းကောင်း အလျဉ်းသင့်သလို ဆက်လက်ရေးသားတင်ပြသွားပါဦးမည်။ ။

---

*စာမျက်နှာ ၁၁ မှ*

### ပြည်သူ့ဆေးရုံကြီးများတွင် ရုံးပိတ်ရက်များ တွင်ပါ ကုသမှုဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၂၃ ခုနှစ်အတွင်း ကင်ဆာဆေးသွင်းကုသမှု ၂၆၄၅၉ ကြိမ်၊ ဓာတ်ရောင်ခြည်ကုသမှုလူနာပေါင်း ၂၄၉၄ ဦး၊ အကြိမ်ပေါင်း ၅၀၂၇၅ ကြိမ်၊ ဓာတ်အပ်စိုက်လူနာ ၄၂၃ ဦး၊ ရေဒီယိုသတ္တိကြွအိုင်အိုဒင်းတိုက်ကျွေးမှု ၄၀၀ ၊ SPECT/CT ဖြင့် ရိုက်ကူးမှု ၂၁၆၈ ဦးနှင့် ၂၀၂၃ ခုနှစ် မေလမှ ဒီဇင်ဘာလအတွင်း PET/CT ဖြင့် ရိုက်ကူးမှု ၇၇၀ တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဓာတ်ရောင်ခြည်ကုသမှုများကို စနေ၊ တနင်္ဂနွေနေ့များတွင်ပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အိန္ဒိယနိုင်ငံမှ လှူဒါန်းသော ကင်ဆာဓာတ်ရောင်ခြည်ကုသစက် (Bhabhatron) ကို တပ်ဆင်ထားရှိပြီးဖြစ်သဖြင့် မကြာမီ စတင်အသုံးပြုနိုင်မည်ဖြစ်ရာ နေ့စဉ်ပျမ်းမျှလူနာ ၃၀၀ မှ ၃၅၀ အထိ ရိုက်ကူးပေးနိုင်တော့မည်ဖြစ်ပါသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ၂၀၂၃ ခုနှစ်၌ ကင်ဆာဆေးသွင်းကုသမှု ၂၅၄၅၅ ကြိမ်၊ ဓာတ်ရောင်ခြည်ကုသမှု ၂၉၁၁၂ ကြိမ်၊ ရေဒီယိုသတ္တိကြွအိုင်အိုဒင်းတိုက်ကျွေးမှု ၂၃၅ ဦး၊ SPECT/CT ဖြင့် ရိုက်ကူးမှု ၂၄၁ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဓာတ်ရောင်ခြည်ကုသမှုများကို စနေ၊ တနင်္ဂနွေနေ့များတွင်ပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ၂၀၂၃ ခုနှစ်အတွင်း ကင်ဆာဆေးသွင်းကုသမှု ၁၀၇၆၉ ကြိမ်၊ ဓာတ်ရောင်ခြည်ကုသမှု ၂၁၂၂၆ ကြိမ်၊ ရေဒီယိုသတ္တိကြွအိုင်အိုဒင်း တိုက်ကျွေးမှု ၉၆ ဦး၊ SPECT/CT ဖြင့် ရိုက်ကူးမှု ၁၉၅ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဓာတ်ရောင်ခြည်ကုသမှုများကို စနေ၊ တနင်္ဂနွေနေ့များတွင်ပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။

စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် ၂၀၂၃ ခုနှစ်၌ ကင်ဆာဆေးသွင်းကုသမှု ၅၈၀၁ ကြိမ်၊ ဓာတ်ရောင်ခြည်ကုသမှု ၉၇၅၄ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြင်ပလူနာကြည့်ရှုမှုများကို ရုံးဖွင့်ရက်နေ့စဉ် ဖွင့်လှစ်ကုသပေးလျက်ရှိပြီး ဓာတ်ရောင်ခြည်ကုသမှုများကို တနင်္လာမှ စနေနေ့အထိ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် ၂၀၂၃ ခုနှစ်အတွင်း ကင်ဆာဆေးသွင်းကုသမှု ၇၉၄၃ ကြိမ်၊ ရေဒီယိုသတ္တိကြွအိုင်အိုဒင်းတိုက်ကျွေးမှု ၁၁၄ ဦး၊ SPECT/CT ဖြင့် ရိုက်ကူးမှု ၅၄၇ ဦး၊ ၂၀၂၄ ခုနှစ်တွင် မတ်လအထိ ရေဒီယိုသတ္တိကြွအိုင်အိုဒင်း တိုက်ကျွေးမှု ၅၅ ဦး၊ SPECT/CT ဖြင့် ရိုက်ကူးမှု ၂၂၂ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### အမျိုးသားကင်ဆာကုသရေးဌာန ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် လူနာများ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုစောင့်ဆိုင်းချိန် သက်သာစေရေးအတွက် ကင်ဆာရောဂါကုသရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရန် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော အမျိုးသားကင်ဆာကုသရေးဌာနကို ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပုဂ္ဂလိကဆေးရုံများ၌လည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဓာတ်ရောင်ခြည်ကုသစက်များ တပ်ဆင်ခွင့်ပြုပေးလျက်ရှိရာ ရန်ကုန်တွင် ပုဂ္ဂလိကဆေးရုံ သုံးရုံ၊ နေပြည်တော်တွင် တစ်ရုံ၊ မန္တလေးတွင် တစ်ရုံ ခွင့်ပြုကာ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုများ ဆောင်ရွက်လျက်ရှိပါသည်။

### စောစီးစွာကုသမှုခံယူသင့်

ပြည်သူများအနေဖြင့်လည်း ကင်ဆာရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ရောဂါဖြစ်ပွားမှုများ များပြားလာသော်လည်း ကုသမှုများလည်း တိုးတက်လျက်ရှိပြီး ကင်ဆာရောဂါအများအပြားကို ဓာတ်ရောင်ခြည်ကုသမှုဖြင့် သက်သာပျောက်ကင်းနိုင်ခြင်းကြောင့် ရောဂါဖြစ်ပွားပါက စောစီးစွာကုသမှုခံယူရန်၊ ကုသမှုကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ဆေးမြီးတိုဖြင့် ကုသပါက အချိန်ကုန်ပြီး ရောဂါမလွန်သင့်ဘဲ လွန်စေတတ်၍ အသက်ဆုံးရှုံးနိုင်သည်ကို သတိပြုသင့်ပါသည်။ ဓာတ်ရောင်ခြည်ကုသမှုသည် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာကလာပ်စည်းများကို တိုက်ခိုက်ဖျက်ဆီးသည့် ကုသမှုဖြစ်ပြီး ဓာတ်ရောင်ခြည်ဖြင့် ကုသရာတွင် ခန္ဓာကိုယ်ပေါ်သို့ ဓာတ်ရောင်ခြည် ထိရောက်သောအချိန်မှာ သာမန်အားဖြင့် စက္ကန့်အနည်းငယ်မှ မိနစ်အနည်းငယ်သာကြာပြီး နာကျင်မှုခံစားရခြင်းမရှိပါ။ အချို့ လူနာများတွင် အရေပြားအပူလောင်ခြင်း ဖြစ်ပေါ်တတ်သော်လည်း ကုသမှုပြီးဆုံးပြီး နှစ်ပတ်မှ လေးပတ်အတွင်း သက်သာပျောက်ကင်းပါသည်။ နိုင်ငံတော်အစိုးရကလည်း ပြည်သူ့ဆေးရုံများတွင် ကင်ဆာဓာတ်ရောင်ခြည်ကုသမှုများ၊ ကင်ဆာဆေးဝါးများကို ကုန်ကျစရိတ်မရှိဘဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါး၍ ပြည်သူများ ရောဂါဘယကင်းဝေးပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# ကပ်ရောဂါဆိုင်ရာသဘောတူစာချုပ်နှင့်ပတ်သက်ပြီး သဘောထားကွဲလွဲနေသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးစတင်

**ဂျီနီဗာ မေ ၂၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများသည် ဆွစ်ဇာလန်နိုင်ငံ၌ပြုလုပ်သော နှစ်ပတ်လည်အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ ဆေးဝါးနှင့် ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၂၇ ရက်က စတင်ခဲ့ပြီး အဖွဲ့ဝင် ၁၉၄ နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အစည်းအဝေး၏ အဓိက ဆွေးနွေးသောအကြောင်းအရာတစ်ခုမှာ နယ်စပ်ဖြတ်ကျော်ရန် အလားအလာရှိသည့် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးသည့် မူဘောင်ကို ပြဋ္ဌာန်းပေးသော နိုင်ငံတကာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများကို ပြန်လည်ပြင်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစည်းအဝေးက အနာဂတ်ကာလ ကပ်ရောဂါဖြစ်ပွားမှုတွင် ကမ္ဘာလုံးဆိုင်ရာ ပြင်ဆင်မှု အားကောင်းလာစေရေးရည်ရွယ်သော ကပ်ရောဂါဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို အတည်ပြုသွားနိုင်မလားဆိုသည်ကိုလည်း အလေးထားဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ကပ်ရောဂါတိုက်ဖျက်နေသော နိုင်ငံများ၏သဘောထားကွဲလွဲမှုကြောင့် ကပ်ရောဂါဆိုင်ရာ သဘောတူစာချုပ်မှာ အချည်းအနှီးဖြစ်ခဲ့ရသည်။ အဆိုပြုစာချုပ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအား ပံ့ပိုးပေးရန် အစီအမံများ ပါဝင်သည်။

ညှိနှိုင်းဆွေးနွေးသူများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းအဝေးမတိုင်မီတွင် ကပ်ရောဂါဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ကြိုးစားခဲ့ကြသည်။ သို့သော်လည်း နှစ်နှစ်ကြာ




ဆွေးနွေးညှိနှိုင်းပြီးနောက် ကာကွယ်ဆေးဖြန့်ဖြူးခြင်းနှင့် အခြားသောကိစ္စရပ်များအပေါ် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများအကြား သဘောထားကွဲလွဲနေဆဲဖြစ်သောကြောင့် အဆိုပါကြိုးပမ်းအားထုတ်မှု မအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဇင်ဘာဘွေနိုင်ငံ၌ စားရေရိက္ခာမလုံလောက်မှုကြုံတွေ့နေသော ပြည်သူကိုးသန်းအား ပံ့ပိုးကူညီရန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံအထိ တိုးမြှင့်တောင်းခံ

**ဟာယာရီ မေ ၂၈**

ဇင်ဘာဘွေနိုင်ငံသည် အကူအညီတောင်းခံမှုကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံအထိ မေ ၂၇ ရက်တွင် တိုးမြှင့်လိုက်ကြောင်း သိရသည်။ မိုးခေါင်ရေရှားမှုကြောင့် လာမည့်နှစ် မတ်လအထိ စားရေရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နိုင်ဖွယ်ရှိသော နိုင်ငံ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို ဖြည့်တင်းပေးရန် လွန်ခဲ့သည့်လတွင် ကနဦးအကူအညီတောင်းခံမှု ၂ ဒသမ ၂ ဘီလီယံမှ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

လက်ရှိ စားရေရိက္ခာလုံလောက်မှု မရှိသောအရေအတွက်မှာ ကိုးသန်းရှိသည်ဟု ခန့်မှန်းရကြောင်း၊ ယင်းအရေအတွက်မှာ ကနဦး ၇ ဒသမ ၇ သန်းမှ တိုးလာခြင်းဖြစ်ကြောင်းနှင့် နိုင်ငံ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း ဒေသန္တရအစိုးရနှင့် ပြည်သူ့လုပ်ငန်းဝန်ကြီး ဒန်နီရယ် ဂါဇီက ပြောသည်။

ကုလသမဂ္ဂနှင့် ပူးတွဲစားရေရိက္ခာအကူအညီတောင်းခံမှုစတင်လိုက်ပြီး ယနေ့အချိန်အထိ ထောက်ပံ့ကူညီမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များကို ဂါဇီက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့ပြင် ဂါဇီက နိုင်ငံအတွင်း ထိုကဲ့သို့ စားရေရိက္ခာလိုအပ်နေသူများအား ကူညီရန် ၎င်းတို့၏ ပံ့ပိုးကူညီမှုများကို အရှိန်မြှင့်လုပ်ဆောင်ရေးအတွက်လည်း တိုက်တွန်းခဲ့သည်။

လွန်ခဲ့သည့်လတွင် ဇင်ဘာဘွေသမ္မတ အမ်မာဆန်က မိုးခေါင်ရေရှားမှုကြောင့် နိုင်ငံသည် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေနှင့်ကြုံတွေ့နေရကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် ၎င်းက မိုးခေါင်ရေရှားမှုကို တုံ့ပြန်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံလိုအပ်ကြောင်းလည်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂသည် ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် အခက်အခဲကြုံတွေ့နေသော လူပေါင်း ၃ ဒသမ ၁ သန်းနီးပါးကို ကူညီပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၄၂၉ ဒသမ ၃ သန်းအကူအညီတောင်းခံမှုတစ်ရပ်ကို စတင်လိုက်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ အပူချိန် ၄၉ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်လာမှုကြောင့် ခြောက်ဦးသေဆုံး

**နယူးဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ရာဂျာစသန်ပြည်နယ်တွင် ပြင်းထန်သော အပူလှိုင်းဖြတ်မှုကြောင့် ခြောက်ဦး သေဆုံးမှု ဖြစ်ပွားကြောင်း တာဝန်ရှိသူများက မေ ၂၈ ရက်တွင် ပြောသည်။

သေဆုံးသူများမှာ ပြည်နယ်အတွင်း အပူချိန် ၄၉ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်လာချိန်တွင် ဖြစ်ပွားခဲ့ကြောင်း၊ ရာဂျာစသန်ပြည်နယ်နေရာအားလုံးနီးပါးမှာ အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်စ်ကျော် ရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် ရာဂျာစသန်ပြည်နယ်၌ ပြင်းထန်သော အပူလှိုင်း ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် အပူလျှပ်သူအရေအတွက်မှာလည်း မေ ၂၇ ရက်တွင် ၂၈၀၉ ဦးမှ ၃၆၂၂ ဦးအထိ တိုးလာကြောင်း သိရသည်။

မိုးလေဝသဌာနက အပူဒဏ်ကို ရှောင်ရှားပြီး အေးမြသောနေရာများတွင် နေထိုင်ရန် ပြည်သူများအား အကြံပြုထားပြီး ဖြစ်သည်။ ရေဆာနေသည်ဟု မခံစားရလျှင်တောင် ရေလုံလောက်စွာ သောက်သုံးခြင်းဖြင့် ရေဓာတ်ကို ထိန်းထားရန်အတွက်လည်း ပြည်သူများအား တိုက်တွန်းထားပြီးဖြစ်သည်။

**ဆင်ဟွာ**

# AI ကို အသုံးပြုပြီး ကွန်ပျူတာဗိုင်းရပ်စ်ဖန်တီးရန် ကြံစည်သည်ဟုသံသယရှိသူကို ဂျပန်ရဲတပ်ဖွဲ့ ဖမ်းဆီး

**တိုကျို မေ ၂၈**

ဉာဏ်ရည်တုနည်းပညာ(AI)အကူအညီဖြင့် ကွန်ပျူတာဗိုင်းရပ်စ်တစ်မျိုး ထုတ်လုပ်သည်ဟု သံသယဖြင့် အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးကို တိုကျိုမြို့ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ယင်းအမှုသည် ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုဖြင့် ဗိုင်းရပ်စ်ဖန်တီးသည့် ပထမဆုံးဖြစ်ရပ်ဟုလည်း ယူဆထားသည်။

တိုကျိုမြို့တောင်ပိုင်း ကာဝါဆာကီမြို့မှ ဟာယာရှိ ရူကီဆိုသူကို ရန်ဆန် ဝဲလ်ဗိုင်းရပ်စ် ဖန်တီးရန် ဉာဏ်ရည်တုနည်းပညာကိုအသုံးပြုသည်ဟု သံသယဖြင့် မေ ၂၇ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့်မတ်လက အွန်လိုင်းတွင် ဉာဏ်ရည်တုနည်းပညာရှာဖွေရေးစနစ်အတွင်းသို့ ကြိမ်ဖန်များစွာ ဝင်ရောက်ခဲ့ကာ မဲလ်ဝဲ ဗိုင်းရပ်စ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရယူရန် မေးခွန်းများကို ထပ်ခါတလဲလဲ မေးမြန်းခဲ့သည်ဟုဆိုသည်။ ယခုဖြစ်စဉ်က တရားမဝင်လုပ်ဆောင်မှုများအတွက် AI ကို အသုံးပြုခြင်းသည် ကမ္ဘာလုံးဆိုင်ရာစိုးရိမ်စရာဖြစ်လာကြောင်း ပေါ်လွင်လာခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




# သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်တွင် နိုင်ငံတကာအုန်းသီးပွဲတော်ကျင်းပမည်

**ကိုလံဘို မေ ၂၈**

သီရိလင်္ကာအစိုးရအဖွဲ့သည် ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အကြိမ် (၆၀) မြောက် နိုင်ငံတကာ အုန်းသီးထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် လူမှုအသိုက်အဝန်း၏ ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပရန် အဆိုပြုချက်ကို အတည်ပြုခဲ့ကြောင်း အစိုးရသတင်းအချက်အလက်ဌာနက မေ ၂၈ ရက်တွင် ဖော်ပြသည်။

**အုန်းသီးလုပ်ငန်းမြှင့်တင်**

အဆိုပါ အခမ်းအနားသည် အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံခြားငွေလဲလှယ်နှုန်း တိုးမြှင့်ရန်၊ သီရိလင်္ကာ အုန်းသီးလုပ်ငန်းကို မြှင့်တင်ရန်နှင့် အုန်းသီးကဏ္ဍတွင် အဓိက ပါဝင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန် အဆိုပြုခဲ့ကြောင်း အဆိုပါလုပ်ငန်းဌာနက ပြောကြားသည်။

အုန်းသီးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်မှ ရရှိသောဝင်ငွေနှင့် ပုဂ္ဂလိကအဖွဲ့အစည်းအများအပြား၏ ပံ့ပိုးကူညီမှုများကို အသုံးပြု၍ အခမ်းအနားကိုကျင်းပရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဝန်ကြီး မဟင်ဒါ အမရဝီရက တင်ပြသည့် အဆိုပြုချက်ကို အစိုးရအဖွဲ့မှ အတည်ပြုခဲ့သည်။

**၁၂ ရာခိုင်နှုန်းခန့်ရှိ**

သီရိလင်္ကာ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့၏ အဆိုအရ အုန်းသီးထုတ်ကုန်သည် သီရိလင်္ကာနိုင်ငံ စိုက်ပျိုးရေးထွက်ကုန်အားလုံး၏ ၁၂ ရာခိုင်နှုန်းခန့် ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတကာတရားရုံးက ကြားဖြတ်စီမံချက်တစ်ရပ် ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ရာဖာမြို့ကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ၄၅ ဦးထက်မနည်း သေဆုံး

**ဂါဇာ မေ ၂၈**

မေ ၂၇ ရက်တွင် ရာဖာမြို့ကို အစ္စရေးက လေကြောင်းမှတိုက်ခိုက်မှုပြုလုပ်ရာ ၄၅ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း ဂါဇာကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

အင်န်အိတ်ချ်ကေက ရိုက်ယူထားသောရုပ်သံဖိုင်တွင် အစ္စရေးလေကြောင်းတိုက်ခိုက်သည့်နေရာ၌ ရွက်ဖျင်တဲများ အလုံးစုံပျက်စီးနေမှုကို ပြသထားသည်။ ဂါဇာတွင် အရပ်သားများသေဆုံးမှု ဆက်လက်မြင့်တက်လာသောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်ရှုတ်ချသံများလည်း မြင့်တက်လာသည်။

ရာဖာတွင် ထိုးစစ်ဆင်တိုက်ခိုက်မှု အမြန်ဆုံးရပ်တန့်ရန် နိုင်ငံတကာတရားရုံးက အစ္စရေးကို ကြားဖြတ်စီမံချက်တစ်ရပ် ထုတ်ပြန်ကြေညာလိုက်ပြီးနောက်တွင် အစ္စရေး၏ အဆိုပါတိုက်ခိုက်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။ အင်န်အိတ်ချ်ကေ ဂါဇာရုံးမှ ရိုက်ယူထားသော ရုပ်သံဖိုင်တွင်လည်း ဒေသခံများသည် မီးလောင်အပျက်အစီးများကြားထဲမှ စည်သွတ်ဘူးများ ကောက်ယူနေမှုများကို ဖော်ပြထား



သည်။ အဆိုပါ တိုက်ခိုက်မှုသည် အကြီးတန်းဟားမားစ်အဖွဲ့ဝင် နှစ်ဦးကို ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။ ထို့ပြင် အရပ်သားများ သေဆုံးမှုလျှော့ချရန် အဆင့်ပေါင်းများစွာ လုပ်ဆောင်ခဲ့ရကြောင်းလည်း ပြောသည်။

အရပ်သားများ သေဆုံးမှုက ဝမ်းနည်းဖွယ်ရာကောင်းကြောင်း၊ သို့သော်လည်း ယခုစစ်မက်ဖြစ်ပွားမှုသည် ဟားမားစ်တို့၏ လိုလားချက်နှင့်စတင်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# လာမည့် မိုးစပါးစိုက်ပျိုးရာသီ၌ အထွက်တိုးမျိုးကောင်းမျိုးသန့်များစိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်

နေပြည်တော် မေ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အေးမြသာယာရပ်ကွက်သို့ သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် မွမ်းမံစက်ချုပ်သင်တန်း တက်ရောက်အောင်မြင် ပြီးသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။




ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသူများ ကိုယ်တိုင်ဖွင့်လှစ်ထားသော အပ်ချုပ်ဆိုင်များကို လိုက်လံကြည့်ရှု အားပေးပြီး မိသားစုဝင်ငွေတိုးရေးအတွက် ကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဟင်္သာတမြို့ရှိ ဝန်ကြီးဌာနအောက် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဦးစီးဌာနအလိုက် ၂၀၂၅-၂၆ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ အမြန်စတင်အကောင်အထည်ဖော်ရေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ဟင်္သာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် ကျင်းပသော သမဝါယမလယ်ယာဝန်ဆောင်မှု သရုပ်ပြပွဲနှင့် သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လာမည့် မိုးစပါးစိုက်ပျိုးရာသီ၌ အထွက်တိုး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများအတိုင်း လိုက်နာဆောင်ရွက်ကြရေး မှာကြားပြီး မိမိတို့ဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးက သမဝါယမလယ်ယာဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်ခွင့်ရရှိရန် သမဝါယမဦးစီးဌာနက ကူညီဆောင်ရွက် ပေးနေမှုများကို လည်းကောင်း၊ ဟင်္သာတခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တာဝန်ခံက JICA Two Step Loan ဖြင့် ဆောင်ရွက်ပေးနေသော ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဂျွန်ဒီးယားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဝန်ဆောင်မှုပေးနေသည့် လယ်ယာသုံးစက်ကိရိယာ အမျိုးအစားများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးတို့က ဟင်္သာတခရိုင်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပြီး လယ်ယာသုံးစက်ကိရိယာများဖြင့် လက်တွေ့သရုပ်ပြထွန်ယက်နေမှုကိုလည်းကောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီအသီးသီးတို့၏ စိုက်ပျိုးရေး သွင်းအားစုများ ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုကို လည်းကောင်း လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ *ကျော့ဖုံးမှ*

ကလပ်ဘရုဂ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ဖီအိုရင်တီးနားအသင်းသည် ယမန်နှစ် ကွန်းဖရန့်လိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့သည့်အသင်း ဖြစ်သည်။ အိုလံပီယာကော့စ်အသင်းသည် ၂၀၁၈ ခုနှစ်က မာဆေးလ်အသင်းပြီးနောက် မိခင်နိုင်ငံတွင် ဥရောပပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားခွင့်ရသည့် ပထမဆုံးအသင်းဖြစ်လာခဲ့သည်။

ဖီအိုရင်တီးနားအသင်းသည် တိုက်စစ်ပိုင်းထက်သာလွန်မှုရှိသည့် အိုလံပီယာကော့စ်အသင်းကို အနိုင်ယူကျော်ဖြတ်ကာ ကွန်းဖရန့်လိဂ်ဖလားကို ဆွတ်ခူးအောင်ပွဲခံသွားမလား သို့မဟုတ် ရှုံးပွဲထပ်မံကြုံတွေ့ကာ ဖလားဆွတ်ခူးခွင့် လွဲချော်သွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**အောင်ဇော်**

---

❖ *ကျော့ဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂျပန်အသင်းနှင့်ပွဲအတွက် ပြင်ဆင်ချိန် ကိုးရက်ရရှိမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးလေ့ကျင့်ခန်း အစီအစဉ်တွင် ကစားသမားအများစုပါဝင်ခဲ့ပြီး ပြည်ပကလပ်များတွင် ကစားနေသူအချို့သာ လာရောက်မပူးပေါင်းနိုင်သေးခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးသူ (ရှမ်းယူနိုက်တက်)၊ ဇင်ညီညီအောင် (ဒဂုံစတားယူနိုက်တက်)၊ နောက်တန်း-ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ-ထိုင်း)၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ သက်ဟိန်းစိုး (ရှမ်းယူနိုက်တက်)၊ ငြိမ်းချမ်း (Dagon Port)၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ ဒေးဗစ်ထန် (ရန်ကုန်ယူနိုက်တက်)၊ မိုးဆွေအောင် (အား/ကာသိပ္ပံ)၊ စိုးမိုးကျော် (ဖနွမ်းပင်ခရောင်း-ကမ္ဘောဒီးယား)၊ လတ်ဝေဘုန်း (ဟံသာဝတီယူနိုက်တက်)၊ ကောင်းထက်ပိုင် (Dagon Port)၊ ဖွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ အလယ်တန်း-ခွန်ကျော်ဇင်ဟိန်း (ရှမ်းယူနိုက်တက်)၊ အာကာကျော် (မဟာယူနိုက်တက်)၊ ဝေလင်းအောင် (ရန်ကုန်ယူနိုက်တက်)၊ ရန်နိုင်ဦး (ရန်ကုန်ယူနိုက်တက်)၊ နေမိုးနိုင် (ဟံသာဝတီယူနိုက်တက်)၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ မြတ်ကောင်းခန့် (ပါကာဆီဘို-အင်ဒိုနီးရှား)၊ လွင်မိုးအောင် (ရရောင်း-ထိုင်း)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလန်-မလေးရှား)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ရှေ့တန်း-အောင်သူ (အူထိုင်းထာနီ-ထိုင်း)၊ ဆွမ်လမန် (ပတ္တယားယူနိုက်တက်-ထိုင်း)၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ ဝင်းနိုင်ထွန်း (ဘော်နီယို-အင်ဒိုနီးရှား)၊ အောင်ကောင်းမာန် (နာခွန်ရတ်ချာစီမာ-ထိုင်း) နှင့် သန်းပိုင် (ချင်းမိုင်ယူနိုက်တက်-ထိုင်း) တို့ ပါဝင်ကြသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

---

## PDF Game **ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

---

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၇ ရက်က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ လားရှိုးခရိုင် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး" ခေါင်းစဉ်ဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို အသိပညာပေးဟောပြောစဉ်။ စိုင်းထွန်း (လားရှိုး)



---

# မြန်မာ ယူ-၁၆ အသင်းနှင့် ဟံသာဝတီ ယူ-၂၀ အသင်း ခြေစမ်းပွဲကစား

နိုင်ငံတကာ ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၆ အမျိုးသားအသင်းသည် မေ ၂၈ ရက်က MNL ယူ-၂၀ လိဂ်ပြိုင်ပွဲအတွက် ယှဉ်ပြိုင်နေသော ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဗဟန်းမြက်ခင်းတုကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



မြန်မာ ယူ-၁၆ အသင်းသည် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေခြင်း ဖြစ်ပြီး MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲများအတွက် ပြင်ဆင်သည့်အနေဖြင့် ပြည်တွင်းခြေစမ်းပွဲများ ဆက်တိုက်ကစားနေခြင်းဖြစ်သည်။

ယခုခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခြင်းဖြစ်ပြီး မြန်မာ ယူ-၁၆ အသင်းအတွက် အနိုင်ဂိုးများကို သူရမင်းသန့်က နှစ်ဂိုးနှင့် ဇော်လင်းအောင်က တစ်ဂိုးသွင်းယူခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ပဏာမလက်ရွေးစင် အမျိုးသမီးအသင်း၊ ပြည်တွင်းကလပ်အသင်းများ၊ ယူ-၂၀ အသင်းများနှင့် ခြေစမ်းပွဲများ ကစားလျက်ရှိသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-HUFC**

---

◆ *ကျော့ဖုံးမှ*

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၂၀၂၅ ခုနှစ် မေ ၂၈ ရက် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့တွင် ၅၀၂ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၃၆ နာရီအတွင်း ၁၃ ပေခန့် မြင့်တက်ခဲ့သည်။

ချင်းတွင်းမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက် ၁ ရက်မှ ၄ ရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၁၀ ပေမှ ၁၁ ပေခန့်၊ နောက် ၄ ရက်မှ ၆ ရက်အတွင်း ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၈ ပေမှ ၁၀ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်သည်။

**မိုး/ဇလ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ဝိုင်းမော်မြို့နယ်အတွင်းမှ ထပ်မံတိမ်းရှောင်လာသော ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းဆောင်ရွက်



**မြစ်ကြီးနား မေ ၂၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်း ဝန်ထမ်းသားသမီးများ ပညာသင် ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားရာတွင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် အထောက်အကူဖြစ်စေရန် နှစ်စဉ်နှစ်တိုင်း ဝန်ထမ်းသားသမီးများကို ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ သားသမီးများကို လိမ္မာရေးခြားရှိပြီး ထူးချွန်ထက်မြက်သည့် ပညာတတ်မျိုးဆက်သစ်များဖြစ်လာအောင် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ပံ့ပိုးကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပညာသင်နှစ်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ၁၃၀၀၀၀၀နှင့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ လွယ်အိတ်၊ ထီး၊ ဝတ်စုံစသည့် ပစ္စည်းတန်ဖိုး ၁၆၃၈၀၀၀ ဖြင့် စုစုပေါင်းပစ္စည်းနှင့်ငွေသားတန်ဖိုး၂၉၃၈၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး ပြည်နယ်စီးပွားရေးရာ ဝန်ကြီး၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဇနီးတို့က အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူလတန်းကြိုများအတွက် ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ စုစုပေါင်း ကျောင်းသားဦးရေ ၂၀၀ တို့အတွက် ပစ္စည်းနှင့်ငွေသား တန်ဖိုး စုစုပေါင်းငွေကျပ် ၁၅၀၄၇၅၀၀ ကို ပေးအပ်ကြရာ ဝန်ထမ်းများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးမနောရွှေပြည်ခန်းမ၌ ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေမတည်ငြိမ်မှုဖြစ်စဉ်များကြောင့် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များရှိဘာသာရေးကျောင်းဝင်းများ၌ ယာယီတိမ်းရှောင်နေထိုင်လျက်ရှိသည့် မိသားစုများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ပြည်နယ်ဝန်ကြီးချုပ်က မိသားစုများအနေဖြင့် စိတ်ပျက်အားလျော့မှု မထားဘဲ အကောင်းဆုံးရင်ဆိုင်ပြီး လိုအပ်သည်များကို မိမိတို့အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းကျော်ဖြတ်ရမည် ဖြစ်ကြောင်း၊ ယနေ့ အတတ်နိုင်ဆုံးလာရောက်ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည့်အပြင် ယာယီခိုလှုံနေထိုင်ရာနေရာများရှိ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့ပေါ် ဘာသာရေးကျောင်းဝင်းများ၊ မိဘမဲ့ဂေဟာနှင့် IDP စခန်းများတွင် ထပ်မံလာရောက် တိမ်းရှောင်နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၃၄၁ စု၊ လူဦးရေ ၁၅၁၃ ဦးတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန် ၂၄ ပြည်ပါ ဆန်အိတ်ပေါင်း ၃၄၁ အိတ်နှင့် ပြည်နယ်အစိုးရအဖွဲ့က ခေါက်ဆွဲခြောက်ဖာ ၃၄၁ဖာတို့ကို ထောက်ပံ့ပေးအပ်ကြသည်။(ဝဲပုံ)

ယင်းနောက် အိမ်ထောင်စုများက ယာယီခိုလှုံနေထိုင်ရာနေရာများတွင် ယာယီအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးရေး၊ အဆောင်ဟောင်းများ ပြုပြင်ပေးနိုင်ရေး၊ သားသမီးငယ်များ ကျောင်းအပ်နှံနိုင်ရေး၊ ကျန်းမာရေးနှင့် သောက်သုံးရေလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# တစ်ကမ္ဘာလုံး၌ မြန်မာတွင်သာရှိပြီး စုစုပေါင်းခန့်မှန်းအကောင်ရေ ၃၀၀ ဝန်းကျင်သာ ကျန်ရှိတော့သည့် ပုပ္ပားမျောက်မြီးရှည်များကို ထိန်းသိမ်းရန် လှုံ့ဆော်သည့်အနေဖြင့် လေ့လာရေးခရီးထွက်မည်

**ရန်ကုန် မေ ၂၈**

တစ်ကမ္ဘာလုံး၌ မြန်မာတွင်သာရှိပြီး စုစုပေါင်းခန့်မှန်းအကောင်ရေ ၃၀၀ ဝန်းကျင်သာ ကျန်ရှိတော့သည့် ပုပ္ပားမျောက်မြီးရှည်များကို ထိန်းသိမ်းရန် လှုံ့ဆော်သည့်အနေဖြင့် လေ့လာရေးခရီးထွက်မည်ဖြစ်ကြောင်း ခရီးစဉ်ကိုစီစဉ်သူ မဟာဂီရိအဖွဲ့မှ ကိုတင်ကိုမင်းထံမှ သိရသည်။

ပုပ္ပားမျောက်မြီးရှည် လေ့လာရေးနေ့အဖြစ် ဇွန် ၄ ရက် နံနက် ၆ နာရီ မှ ညနေ ၆ နာရီအထိ ပုပ္ပားတောင်ဘူမိဥယျာဉ်ဒေသက ပုပ္ပားမျောက်မြီးရှည်များ ကျက်စားရာ နေရာတစ်ခုစီတွင် ငါးယောက်တစ်ဖွဲ့ဖြင့် လေ့လာမည်ဖြစ်ကာ အဆိုပါ လေ့လာရေးခရီးစဉ်တွင် လူ ၁၀ ဦးကို ဝန်ဆောင်ခ အခမဲ့ဖြင့် လေ့လာခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိကတော့ ကျွန်တော်တို့မှာလည်းရန်ပုံငွေနည်းတဲ့အတွက် လေ့လာရေးနေ့အဖြစ် ၁၀ယောက်ပဲ လက်ခံထားတယ်။ ပုပ္ပားမျောက်မြီးရှည်လေးတွေ ကျက်စားရာ နေရာတစ်ခုစီမှာ ငါးယောက်တစ်ဖွဲ့ လေ့လာကြပါမယ်။ စိတ်ဝင်စားမှုတော့ရှိတယ်။ ဧည့်သည်တွေကို လှုံ့ဆော်တဲ့အခါ ဒီလိုမျောက်သားရောင်းတဲ့ဟာကိုမစားဖို့၊ အားမပေးဖို့၊ ဖမ်းပြီးမမွေးဖို့ သူတို့ စားကျက်မြေအင်အားနည်းနေတာတွေအတွက် သူတို့စားတဲ့သီးပင်၊ စားပင်တွေကို စိုက်တာ၊ တကယ်လို့ သူတို့စားတဲ့ သီးပင်၊ စားပင်တွေကို ဒေသအဖွဲ့အစည်းကနေ ခုတ်နေတယ်ဆိုရင်လည်း ဒီအပင်တွေကို မထိအောင် ဘာလုပ်ပေးရမလဲဆိုတာမျိုးလုပ်ရမှာပေ့ါ။ ဘာလို့လဲဆိုတော့ တစ်ကမ္ဘာလုံးမှာမှ အကောင် ၃၀၀လောက်ပဲ ကျန်တယ်။ ပြီးတော့ ရှားပါးမျိုးစိတ်ဖြစ်နေပြီး မြန်မာနိုင်ငံမှာပဲရှိတဲ့အတွက် ရည်ရွယ်ချက်ကတော့ ထိန်းသိမ်းရေးအတွက် လှုံ့ဆော်တာပါ"ဟု ကိုတင်ကိုမင်းက ပြောကြားသည်။

ပုပ္ပားမြောက်မြီးရှည်နှင့်ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာကို ကြေညာခဲ့ပြီးနောက် ထိန်းသိမ်းရန် လှုံ့ဆော်လေ့လာရေးအနေဖြင့် ပြီးခဲ့သည့်နှစ် ဇွန် ၄ရက်တွင် ပထမဆုံးအကြိမ်အနေဖြင့် ဆောင်ရွက်ခဲ့ကာ ယခုနှစ်လာမယ့် ဇွန် ၄ ရက်တွင် ဒုတိယအကြိမ်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၁ ရက်ကို နှစ်စဉ်ပုပ္ပားမျောက်မြီးရှည်ထိန်းသိမ်းရေးနေ့ဟူ၍ သတ်မှတ်ဆောင်ရွက်နေကြောင်းလည်း ၎င်းက ရှင်းပြသည်။

အဆိုပါမျောက်မျိုးစိတ်များမှာ သစ်တောများ ပြုန်းတီးလာခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်းကြောင့် ကျက်စားရာဒေသများ ပျောက်ဆုံးမှုများရှိလာသကဲ့သို့ အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူခြင်း၊ ဖမ်းဆီးသတ်ဖြတ်သည့်အန္တရာယ်များ ရင်ဆိုင်နေရကြောင်း ကိုတင်ကိုမင်းက ပြောသည်။



"အဓိကက အမေကိုလိုက်တယ်၊ အမေသေသွားတဲ့အချိန်မှာ ရင်ဝယ်ပိုက်ကလေးကျန်တယ်။ အဲဒါကို ရောင်းစားတာရှိတယ်။ ကျန်ခဲ့တဲ့ ကလေးကိုသနားတဲ့သူတွေက သနားပြီး မွေးလိုက်ရော။ အဲဒါတွေကလည်းမမွေးသင့်တဲ့ အကြောင်းရင်းပဲ။ တချို့ကကျတော့ အဲဒီလိုဝယ်တဲ့သူရှိတော့ အမဲကထပ်လိုက်ပြန်ရော၊ အဲဒါတွေလည်းမမွေးသင့်ပါဘူး။ တောထဲမှာနေတာကို တောထဲမှာ ပြန်လွှတ်ပေးထားတာ အကောင်းဆုံးပါပဲ"ဟု ဆိုသည်။ MT

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

" အသိပေးကြေညာချက် "

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

# စာဖတ်နာသည့် နိုင်ငံသားများကြောင့် အမြင့်သို့တက်နေသည့် နိုင်ငံတော်ဘဝသို့ . . .

ဒေါက်တာမောင်သင်း

**ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံးလူမွေးလူတောင်မပြောင်အောင် ဒဏ်ခတ်သည့်လူတွေ ကမ္ဘာပေါ်မှာ ဒုနှင့်ဒေး ရှိနေကြပါသည်။ သူတို့ကတော့ "စာလုံးဝ မဖတ်သည့် သူတွေပါ"**

**အီသီယိုပီးယားလူမျိုးများ၏ ဆုံးမစကား**



## အညွန့်တလူလူတက်နေသည့် သတ္တဝါမို့ "လူ"

"တွေးခေါ်ဉာဏ်ရှိသော ခြေနှစ်ချောင်းသတ္တဝါ" တဲ့။ လူ၏ အဓိပ္ပာယ်ကို မြန်မာစာအဖွဲ့ ဦးစီးဌာနမှ ထုတ်ဝေသည့် "မြန်မာအဘိဓာန်" တွင် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့် "လူ" ဟု "ခေါ်ဝေါ်ခြင်း" "အမည်ပေးရခြင်း" ဆိုသည်ကိုလည်း လိုက် ရှာကြည့်မိပါသည်။ လူသား၏ အမြင့်ဆုံးနေရာမှာ "ငယ်ထိပ်" ဖြစ်ပါသည်။ သတ္တဝါတိုင်းတွင်လည်း ထိပ်ဆုံးအဖျားနေရာသည် ငယ်ထိပ်ဖြစ်ပါသည်။ လူတွင် အဆိုပါ ထိပ်ဖျားငယ်ထိပ်သည် ကောင်းကင်အမြင့်ဘက်သို့ ဦးတည်နေပါသည်။

တိရစ္ဆာန်များ၏ ထိပ်ဖျားငယ်ထိပ်သည် ကောင်းကင်အမြင့်ဆီသို့ ဦးတည်မနေပါ။ ဘေးဘက်ဆီသို့သာ ဦးတည်နေပါသည်။ ကောင်းကင်ကို ကျောပေး၍ ရင်ဘတ်သည် မြေပြင် နှင့် အပြိုင်ဖြစ်နေကြသည်။ သက်ရှိတိုင်း၏ ဦးနှောက် ဦးတည်ချက်မှာ လူသားသည် ကောင်းကင်အမြင့်ဆီသို့ ဦးတည်နေ၍ အခြားသက်ရှိများ (ခွေး၊ နွား၊ ဆင်၊ မြင်း၊ ကြွက်၊ ကြောင်) တို့သည် ဘေးဘက်ဆီသို့သာ ဦးတည်နေပေသည်။ ဤတွင် သက်ရှိသစ်ပင်၏ ထိပ်ဖျားအညွန့်သည် အမြဲတမ်း ကောင်းကင်ဆီသို့သာ ဦးတည်တက်လှမ်းနေပေသည်။ ရုက္ခဗေဒပညာရပ်တွင် ဂန္ထဝင်စမ်းသပ်ချက်တစ်ခု ပြုလုပ်ဖူးသည်။

အပင်စိုက်ထားသည့် ပန်းအိုးကို ပြောင်းပြန်ချိတ်ဆွဲထားခြင်းပါ။ ထိုအခါ အပင်၏ အညွန့်သည် မြေပြင်သို့ ထိုးဆင်းမသွားဘဲ ကွေး၍ ကောင်းကင်ဘက်ဆီသို့သာ ဦးတည်ပြန် လှည့်တက်သွားကြောင်း အကြိမ်ကြိမ် စမ်းသပ်မှုများက သက်သေပြနိုင်ခဲ့သည်။ မြေပြင်ပေါ်ရှိ သစ်ပင်များ၏ အညွန့်များသည်လည်း အမြင့်ဘက်၊ ကောင်းကင်ဘက်သို့သာ ဆက်၍ ဦးတည်ရှည်တက် သွားကြသည်။ ဤသည်ကို **"အညွန့်တလူလူတက်သည်"** ဟု မြန်မာ့လူ့အဖွဲ့အစည်းက ခေါ်ဆိုသုံးနှုန်းကြသည်။

အမြဲတမ်း အောင်မြင်နေသည့်သူကို **"အောင်လံတလူလူ လွှင့်ထူနေသူ"** ဟု သုံးစွဲနေကြသည်။ အပင်များကဲ့သို့ လူသား၏ထိပ်ဖျားဖြစ်သည့် "ငယ်ထိပ်" ကလည်း ကောင်းကင်အမြင့်ဆီသို့သာ ဦးတည်နေသဖြင့် အညွန့်တလူလူတက်နေသည့် သတ္တဝါဖြစ်သောကြောင့် "လူ" ဟု အမည်ပေးခဲ့၊ ခေါ်ဝေါ်ခဲ့ဟန် ဖြစ်ပေလိမ့်မည်။ လူ့သမိုင်းကလည်း နိမ့်ကျသွားခြင်းမရှိဘဲ အမြင့်ဆီသို့သာ ဆက်လက်တက်လှမ်းနေသဖြင့် မြန်မာ့လူ့အဖွဲ့အစည်းက အမြင့်တလူလူတက်နေ၍ "လူ" ဟု ခေါ်ဝေါ်ခဲ့ခြင်းမှာ လွန်စွာမှန်ကန်သည်ဟု ဆိုနိုင်နေပေသည်။

## စာပေကိုထွင်နိုင်ကာ စာဖတ်တတ်၍သာ အညွန့်တလူလူသက်ရှိဖြစ်လာတာပါ

လူသမိုင်းအစမှ ယနေ့အထိ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဟူ၍ လူသားတို့ ဖြတ်သန်းလာခဲ့မှုကို မှတ်တမ်းများ ထားရှိခဲ့ကြသည်။ လယ်ယာခေတ်မှ စက်မှုခေတ်ဆီသို့ ပြောင်းလဲတိုးတက်လာသည်။ ယနေ့ဆိုလျှင် အိုင်တီမှသည် ဉာဏ်ရည်တု (အေအိုင်-AI) ခေတ်ဆီသို့ ရောက်ရှိနေပါပြီ။ ထိုသို့ လူ့အဖွဲ့အစည်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရခြင်းမှာ လူသားတွင် **"မြင်တွေ့ထိခံစားချက်များ"** ကို ပြန်လည်ပုံဖော်နိုင်သည့် စွမ်းရည်ကြောင့်ဟု ဆိုရပေမည်။ ယင်းသည် ယနေ့ကျောင်းများတွင် လေ့ကျင့်ပေးနေသည့် "ခံစားမှုနှင့် အမြင်ကို ပြန်လည်ပုံဖော်နိုင်မှု ဉာဏ်စွမ်းရည်" (Aesthetic Skill) ပင်ဖြစ်ပါသည်။ လူသားသမိုင်းကို လေ့လာလျှင် တွေ့မြင်မှတ်သားမှု သဏ္ဌာန်ကို ပထမတွင် ဂူနံရံ၌ အရုပ်အဖြစ် ရေးဆွဲကြ၏။

ပြီးနောက် အရုပ်မှတစ်ဆင့် "စာပေ" သို့ ကူးပြောင်းအဆင့်မြင့်လာ၏။ စာပေဟူသည် အမှတ်အသားဖြင့် တစ်ဦးမှ တစ်ဦး သို့ ပြောပြ၊ ရှင်းပြသည့် **"အမှတ်အသားပြုစကားလုံး"** တစ်နည်းအားဖြင့် **"အသံမထွက်သည့် စကားလုံးများ"** (Symbolic Language) တစ်မျိုး ဖြစ်ပါသည်။ စာပေကြောင့်၊ ဆိုးမှု၊ ကောင်းမှု၊ အောင်မြင်မှု၊ ကျဆုံးမှု၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို နောက်မျိုးဆက်သို့ သင်ခန်းစာယူနိုင်ရန် မှတ်တမ်းထားနိုင်ခဲ့သည်။ လက်ဆင့်ကမ်းထားခဲ့ကြသည်။ အဆိုပါ မှတ်တမ်းများကို နောက်မျိုးဆက်က ဖော်ထုတ်နိုင်၊ ဖတ်နိုင်ခဲ့ကြသည်။ သို့အတွက် အရင်မျိုးဆက်များ၏ လူ့အဖွဲ့အစည်းပျက်သုဉ်းစေမည့် အမှားကို ဖယ်နိုင်၏။ လူ့အဖွဲ့အစည်း အေးချမ်းသာယာဖွံ့ဖြိုးစေမည့် ကောင်းခြင်း၊ အောင်မြင်ခြင်းများကို သာယူ၍ ပိုကောင်းအောင် လုပ်နိုင်ခဲ့ကြခြင်းဖြစ်ပေသည်။ ဤသို့ဖြင့် လူ့အဖွဲ့အစည်းသည် သက်ရှိလောကတွင် အောင်လံတလူလူ လွှင့်ထူသူဖြစ်လာခဲ့၏။ သက်ရှိလောကတွင် တုမနှိုင်းနိုင်သည့် သက်ရှိဖြစ်လာပေသည်။ ဤသည်မှာ စာပေကို တီထွင်နိုင်ခြင်းနှင့် စာဖတ်တတ်ခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်ပါသည်။ တိရစ္ဆာန်နှင့် လူ့လောကကို ထင်ထင်ရှားရှား စည်းခြားနိုင်ခဲ့သည်။

## အသက် နှစ်သက်ဖြင့် အသက်ရှင်နိုင်မှလူ

ကျွန်တော်သည် **"စာကြည့်တိုက် ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး"** ဟောပြောပွဲ တစ်ခုတွင် ဟောပြောခဲ့သည်ကို ပြန်လည်တင်ပြပါရစေ။ ဟောပြောပွဲသို့ ကြွရောက်လာသည့် ကျောင်းသူကျောင်းသားများကို **"လူနှင့်တိရစ္ဆာန် ဘာကွာလဲ"** ဟုမေးရာ **"အသိဉာဏ်ကွာလို့ပါ"** ဟု ဖြေကြားကြပါသည်။ သူတို့၏ အဖြေသည် ကျောင်းမှာ၊ ပတ်ဝန်းကျင်မှာ ကြားနေရသည့် သမားရိုးကျ အဖြေသာ ဖြစ်ပါသည်။ ဆန်းသစ်ခြင်း ကင်း၏။ ဆန်းသစ်ခြင်း၊ သမားရိုးကျလမ်းမှ ဖယ်၍ လမ်းသစ်ထွင်ခြင်းသည် တိုးတက်မှုပင် ဖြစ်သည်။ မထွင်နိုင်ခြင်းသည် တိုးတက်မှု အားနည်းခြင်း၏ ပြယုဂ်ဖြစ်ပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ စာဖတ်ဓလေ့ အားနည်းမှုကြောင့်ဟု မြင်မိပါသည်။

ကျွန်တော်က လူနှင့် တိရစ္ဆာန်တို့ အဓိကကွာခြားချက်မှာ တိရစ္ဆာန်မှာက **"အသက်တစ်မျိုး"** တည်းဖြင့် အသက်ရှင်တာပါ။ "စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ်" ဟူသည့် "အချိန်သက်" တစ်မျိုးတည်းဖြင့် အသက်ရှင်ကြပါသည်။ လူက အသက် နှစ်သက်ဖြင့် အသက်ရှင်၏။ အဆိုပါ အချိန်သက် အပြင် **"ရင့်ကျက်သက်"** ပါ ထပ်ပေါင်းပြီး အသက် နှစ်သက်ဖြင့် အသက်ရှင်နိုင်မှ လူဟု ခေါ်ဆိုပါသည်။ ရင့်ကျက်သက်သည် အချိန်သက်ကဲ့သို့ အလိုလိုနေရင်း မရနိုင်ပါ။ အမြဲမပြတ် မိမိ၏ အရည်အသွေးတက်နေအောင် ဖြည့်ဆည်းနေပါမှသာ ရရှိသည့် အသက်ဖြစ်ပါသည်။

ဖြည့်ဆည်းသက် ရှိမှု/ မရှိမှုကြောင့် လူအချင်းချင်း အနိမ့်အမြင့် ဖြစ်လာကြသည်။ လူနှင့် တိရစ္ဆာန် အသိဉာဏ်ကွာဟလာ၏။ ဖြည့်ဆည်းသက် မြန်မြန်ရနိုင်တဲ့ နည်းလမ်းကတော့ **"စာများများ ဖတ်ခြင်း"** တစ်နည်းအားဖြင့် **"စာဖတ်နာခြင်း"** ပင်ဖြစ်ပါသည်။ **"စာပေ"** သည် ခေတ်သမိုင်း အဆက်ဆက်က လူသားတို့ ကြုံရ၊ ဆုံရ၊ တွေ့ခဲ့ရသည့် "ကောင်းမှု၊ ဆိုးမှု၊ အောင်မြင်မှု၊ ကျဆုံးမှု၊ ဆောင်ရန်၊ ရှောင်ရန်၊ ဆက်လက်လုပ်ဆောင်ရန်" စသည်တို့ကို မှတ်တမ်းရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ လူ့သမိုင်းဟု ဆိုကြသည်။ တိရစ္ဆာန်တွေမှာ အဆိုပါ အတွေ့အကြုံ မှတ်တမ်းမရှိပါ။ မှတ်တမ်းလည်း မရှိသလို၊ မှတ်တမ်းကို ဖတ်တတ်သည့် ဖတ်နိုင်သည့် တိရစ္ဆာန်လည်း မရှိပါ။ မှတ်တမ်းမရှိ၍ ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန် မသိကြပေ။ တိရစ္ဆာန် မိဘက မိမိ၏ သားသမီးကို အစာရှာရန်၊ အန္တရာယ်ကို ရှောင်ရှားရန်၊ သားသမီးကို စောင့်ရှောက်တတ်ရန်အတွက် သူ့(မိဘ၏) တစ်ဘဝစာ အတွေ့အကြုံကိုသာ လက်ဆင့်ကမ်းနိုင်ကြသည်။ ထို့ထက်မပိုချေ။ မိဘမျိုးဆက်၏ အထက်က ဘိုးဘေးဘီဘင်များ၏ အတွေ့အကြုံ မှတ်တမ်းမရှိခဲ့ပေ။

သို့အတွက်ကြောင့် တိရစ္ဆာန်ဘဝ မတိုးတက်ခဲ့ပေ။ လူမှာက မှတ်တမ်းရှိ၏။ ယင်းကို များများဖတ်နိုင်သူသည် စာပေမှတစ်ဆင့် ခေတ်အဆက်ဆက်မှ လူ့အဖွဲ့အစည်း (ဘိုးဘေး၊ ဘီဘင်တို့ရဲ့) ဖြတ်သန်းခဲ့သည့် အတွေ့အကြုံတွေကို သိခွင့်ရ၏။ ဖွံ့ဖြိုးသည့် လူ့အဖွဲ့အစည်းအတွက် မကောင်းတာက ဘာဆိုတာကို သိရှိနားလည်လာသည်။ မကောင်းတာကို ပယ်၏၊ ကောင်းတာကို ယူ၏၊ လူ့အဖွဲ့အစည်း ကောင်းကျိုးဆက်လက်သယ်ပိုး၏၊ အရာရာ ကိုမည်သည့်အတွက်ကြောင့် ဖြစ်ပျက်သည်ဟု ကျိုးကြောင်းဆင်ခြင်ဉာဏ်ဖြင့် ဆုံးဖြတ်လုပ်ကိုင်လာနိုင်၏၊ နောက်ဆုံးတွင် လူ့အဖွဲ့အစည်း အကျိုး၊ နိုင်ငံ့အကျိုးသာ သယ်ပိုးသည့် **"ရင့်ကျက်သက် ပြည့်ဝသူ" "ဉာဏ်ပညာ အမြော်အမြင်ကြီးမားသူ"** (Wise Men) အဖြစ် လေးစားခံရသူ ဖြစ်လာပါသည်။ တကယ်တော့ ရင့်ကျက်သက်သည် စာဖတ်ရုံ ဖြည့်ဆည်းရုံ သိရုံအဆင့်မှာပင် ရပ်ထား၍မရပေ။ အသိကို လက်တွေ့အသုံးချနိုင်ပါမှ ရသည့်ဘဝပါ။ စာဖတ်မှရသည့် ရင့်ကျက်သက်ဟာ စာမဖတ်လျှင် မရနိုင်ပါ။ စာဖတ်၍ ဖြည့်ဆည်းမှသာ ရနိုင်သည့် ရင့်ကျက်သက်မရှိလျှင် တိရစ္ဆာန်နှင့် လူသားဟာ ဘာမှမခြားနားပါ။ စာဖတ်သူသာ လူသားဟု ဆိုပါရစေ။

**❝ စာပေကြောင့်၊ ဆိုးမှု၊ ကောင်းမှု၊ အောင်မြင်မှု၊ ကျဆုံးမှု၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို နောက်မျိုးဆက်သို့ သင်ခန်းစာယူနိုင်ရန် မှတ်တမ်းထားနိုင်ခဲ့သည်။ လက်ဆင့်ကမ်းထားခဲ့ကြသည်။ အဆိုပါ မှတ်တမ်းများကို နောက်မျိုးဆက်က ဖော်ထုတ်နိုင်၊ ဖတ်နိုင်ခဲ့ကြသည်။ သို့အတွက် အရင်မျိုးဆက်များ၏ လူ့အဖွဲ့အစည်း ပျက်သုဉ်းစေမည့် အမှားကို ဖယ်နိုင်၏။ လူ့အဖွဲ့အစည်း အေးချမ်းသာယာဖွံ့ဖြိုးစေမည့် ကောင်းခြင်း၊ အောင်မြင်ခြင်းများကိုသာယူ၍ ပိုကောင်းအောင် လုပ်နိုင်ခဲ့ကြခြင်းဖြစ်ပေသည်။ ဤသို့ဖြင့် လူ့အဖွဲ့အစည်းသည် သက်ရှိလောကတွင် အောင်လံတလူလူ လွှင့်ထူသူ ဖြစ်လာခဲ့၏။ သက်ရှိလောကတွင် တုမနှိုင်းနိုင်သည့် သက်ရှိဖြစ်လာပေသည်။ ဤသည်မှာ စာပေကို တီထွင်နိုင်ခြင်းနှင့် စာဖတ်တတ်ခြင်း၏ အကျိုးကျေးဇူးပင် ❞**

*စာမျက်နှာ ၁၇ သို့*

# တရားဝင်နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများအား Facebook Page များနှင့် အင်တာနက်စာမျက်နှာများမှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်း ဆောင်ရွက်သူများအား ထပ်မံအရေးယူဆောင်ရွက်ခြင်း

၁။ အောက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက် စာမျက်နှာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသော နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိ ကိုင်ဆောင်ထားခြင်းမရှိဘဲ နိုင်ငံခြားငွေများအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဆိုပါ အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်ရောင်းဝယ်နေသူများအား အရေးယူဆောင်ရွက်ပြီးဖြစ်သည့်အပြင် ပြည်ပမှ အဝယ်/အရောင်း ဆောင်ရွက်နေသည့် Page များ၊ ဖုန်းနံပါတ်များကို သက်ဆိုင်ရာ ဗဟိုဘဏ်များသို့ အကြောင်းကြား၍ အရေးယူဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါသည်။

(က) ငွေဈေးနှုန်းနှင့်ငွေလွှဲဆိုင်
(ခ) Moe Latt
(ဂ) Si Thu & bro များ
(ဃ) ရန်ကုန်ငွေဈေး
(င) ဒေါ်လာဝယ်ရောင်းတိုက်ရိုက် USD Exchange
(စ) ဒေါ်လာရောင်းဝယ်
(ဆ) December Snow
(ဇ) June Lin Htet Naing
(ဈ) Htet Yan Money Exchange
(ည) Global Value Services–GVS Money Exchange and Transfer
(ဋ) Boss Online Money Exchange Services (Family Money Exchange)
(ဌ) Lucky Sky Gold Smith (Facebook Page)
(ဍ) Nay Myo Htet (Facebook Page)
(ဎ) Gold Market Myanmar (Facebook Page)
(ဏ) Ye Mon
(တ) Naing Lu

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့သော အဖွဲ့အစည်းများအား ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း စောင့်ကြည့်အရေးယူသွားမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းများကိုလည်း ပြည်သူလူထုသိရှိရန် ကြေညာထုတ်ပြန်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် တရားဝင်လိုင်စင်ထုတ်ပေးထားပြီး နိုင်ငံခြားငွေများ လဲလှယ်ရောင်းချခွင့်ရှိသည့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၌သာ လဲလှယ်ရောင်းချဝယ်ယူသွားရန် ထပ်မံ အသိပေးအပ်ပါသည်။

၄။ အထက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက် စာမျက်နှာများတွင် တရားမဝင် နိုင်ငံခြားငွေများရောင်းဝယ်၍ ငွေဈေးကစားနေသူများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ နှင့် ၄၂ တို့အပြင် အများပြည်သူအကျိုးကို ထိခိုက်စေသည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြင့်ပါ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

*စာမျက်နှာ ၁၆ မှ*

ဒါကြောင့် "စာဖတ်ခြင်း" ဖြင့် လူသားပီသသော သက်ရှိလူသားဖြစ်အောင် ကြိုးပမ်းပေးကြပါဟု တိုက်တွန်းချင်ပါသည်။ ဆက်လက်၍ **"မောင်တို့ မယ်တို့ ကျောင်းမှာကျန်ခဲ့သည့် သူငယ်ချင်းတွေ၊ ရပ်ရွာထဲက မိတ်ဆွေတွေ၊ မိဘဆွေမျိုးတွေကိုကော ရင့်ကျက်သက်မရှိတဲ့ တိရစ္ဆာန်ဘဝလို အသက်ရှင်စေချင်လား"** ဟုမေးရာ **"တိရစ္ဆာန်လို အသက်မရှင် စေချင်ပါ"** ဟု ဖြေကြပါသည်။ **"တိရစ္ဆာန်လို အသက်မရှင် စေချင်ရင် ဘာလုပ်ကြမလဲ"** ဟု ဆက်မေးရာ **"စာဖတ်ခိုင်းပါမည်"** တဲ့။ စာဖတ်ရန် တိုက်တွန်းရပေမည်။

## လူမွေးလူတောင် မပြောင်အောင် ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်ကြသူများ

ကျွန်တော်သည် ကျောင်းသူကျောင်းသားများကို လူဖြစ်ပြီး "ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်တဲ့လူနဲ့ မောင်တို့ မယ်တို့ဆုံဖူးလား၊ ကိုယ်တိုင်ရော ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်ဖူးလား။" ဟု မေးရာ "မဆုံဖူးပါ၊ မတွေ့ဖူးပါ ကိုယ့်ကိုယ်ကိုယ်လည်း ဒဏ်မပေးဖူးပါ" ဟု ဖြေကြပါသည်။

၁၉၈၅ ခုနှစ်တွင် ကျွန်တော်နှင့် အနောက်ဂျာမနီမှာ ဂျာမန်စကားအတူ သင်ကြားခဲ့သူ အီသီယိုပီးယားနိုင်ငံသား ဓာတုဗေဒဘာသာရပ် Ph.D လာတက်သူက စာဖတ်တာနှင့် ပတ်သက်၍ သူတို့ဆရာတွေ ဆုံးမခဲ့တာလေးကို ယခုကြွရောက်လာကြသည့် နိုင်ငံသား လူငယ်များကို ပြန်လည်ဖောက်သည်ချရင်း လက်ဆင့်ကမ်းပါရစေ။ သူပြောတာက **"လူသား ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် လူမွေးလူတောင် မပြောင်အောင် ဒဏ်ခတ်တဲ့လူတွေ မရေတွက်နိုင်အောင် ရှိကြတယ်တဲ့၊ မင်းတို့အဲဒီလို လူစားထဲမပါစေနဲ့၊ သူတို့ကတော့ "စာလုံးဝ မဖတ်တဲ့သူတွေပဲ"** တဲ့၊ အခြေခံပညာကျောင်းသားဘဝမှာ အီသီယိုပီးယားမှ သူတို့ဆရာတွေက ကျောင်းသားတွေကို ဆုံးမနေကျစကားတဲ့။

ယခု ဆောင်းပါးအစမှာ ဖော်ညွှန်းထားပါသည်။ ဟုတ်ပါသည်။ စာမဖတ်တော့ ဗဟုသုတမရှိ၊ အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုး၊ ဓမ္မနှင့် အဓမ္မ မခွဲခြားနိုင်ပေ။ သူများ ပြောသမျှယုံ၊ "စောင့်ထိန်းရမည့် ကျင့်ဝတ်ကိုလည်း နားမလည်" အပြုနှင့် အဖျက်ကိုပင်မသိ၊ မိတ်ကောင်းဆွေကောင်း ဆိုတာလည်း မခွဲတတ်တော့ နောက်ဆုံးမှာ သူ့လို အသိဉာဏ်ကန်း၊ အမြင်ကန်းလူမိုက်တွေနှင့် ပေါင်းမိပြီး လူ့အဖွဲ့အစည်း ဖျက်ဆီးရာမှာ ပါဝင်သွားကြကာ ဘဝဆုံးကြသူတွေ ကမ္ဘာ့လူ့အဖွဲ့အစည်းမှာ ဒုနဲ့ဒေးပါ။

ယနေ့ မြန်မာ့လူငယ်တွေသည် ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်သူ၊ အပြစ်ပေးသူ မဖြစ်စေလို၍ ဤအသိကို မျှဝေပေးခြင်းပါ။ စာဖတ်သည့်လူတွေကတော့ ရရန်ခက်ခဲသောလူ့ဘဝမှာ မိမိကိုယ်ကို ပျိုးထောင်နိုင်ခြင်းနှင့် မိမိ၏ဘဝ တိုးတက်စေမည့် နည်းလမ်းကောင်းများစွာကို စာကောင်းပေမွန် ရှာဖွေဖတ်ရှုသည့် အလေ့အကျင့်ကောင်းဖြင့် မွေ့လျော်ရင်းနောက်ဆုံးမှာ ကောင်းသလောက် တော်ကြသူများ ဖြစ်လာပါတယ် ဟုဟောပြောပြီး –

ဒါဆိုရင် **"မောင်တို့မယ်တို့ ခင်ဗျာ။ စာမဖတ်တဲ့လူဆိုတာ ကိုယ့်ကိုယ်ကိုယ် လူ့ဗာလ ဘဝရောက်အောင် ဒဏ်ခတ်ခဲ့သူဆိုတော့ မောင်တို့မယ်တို့ လူဆိုး၊ လူမိုက်ဖြစ်ချင်လား၊ သူငယ်ချင်းတွေကိုရော တေလေကြမ်းပိုး၊ သူခိုးတွေ ဖြစ်စေချင်လား၊ ဆွေမျိုးတွေကော အဲဒီလို လူညံ့လူဖျင်း အဖြစ်ခံနိုင်လား"** ဟု မေးရာ **"အဖြစ်မခံနိုင်ပါ"** ဟု ဖြေကြရာ **"အဖြစ်မခံနိုင်ရင် ဘာလုပ်ရမလဲ" "ကိုယ်တိုင်လည်း စာဖတ်ကြပါမည်၊ ပြီးတော့ တခြားသူတွေကို စာဖတ်ရန်တိုက်တွန်းကြပါမည်"** ဟု ပြောကြပါသည်။

## စာဖတ်တာ အမြင့်ကို ပျံသန်းချင်လို့ပါ

ကျွန်တော်သည် ဟောပြောပွဲတွင် ပြသသွားသည့် Video Clip ကို ညွှန်း၍ ကမ္ဘာ့သမိုင်းမှတ်တမ်းဝင် မြန်မာ့ ခေါင်းဆောင် တတိယမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် (ငြိမ်း) ဦးသန့်က **"စာဖတ်ခြင်းနှင့် ပတ်သက်၍ ဘာပြောသွားသလဲ မှတ်မိလား"** ဟုမေးရာ ကျောင်းသူကျောင်းသားများက **"စာဖတ်သော လူမျိုးသည် တိုးတက်၍ တိုးတက်သော လူမျိုးတိုင်း စာဖတ်ကြသည်"** တဲ့။ ကျွန်တော်က စာဖတ်ခြင်းနှင့် ပတ်သက်၍ ဦးသန့် ပြောခဲ့တာ တစ်ခွန်းကို ထပ်ဖြည့်ချင်ပါသည်။ **"စာဖတ်တာအမြင့်ကို ပျံသန်းချင်လို့ပါ"** တဲ့။ ဘာကြောင့် အမြင့်ကိုတက်ချင်ရတာလဲဆိုတာ မဖြေမီ မေးခွန်း ဆက်မေးမိပါသည် –

## အနာဂတ်ခေါင်းဆောင်လောင်းများ ခင်ဗျာ

**"မောင်တို့မယ်တို့ဟာ ကျွန်ဘဝမှာ နေချင်သလား" "သခင်ဘဝမှာ နေချင်သလား"** ဟုမေးရာ **"သခင်ဘဝမှာသာ နေချင်ပါသည်"** ဟု ဖြေကြပါသည်။ **"ကျွန်နှင့် သခင်ဘယ်သူက အဆင့်မြင့်သလဲ"** ဟု ထပ်မေးရာ **"သခင်ကမြင့်သည်"** ဟု ဖြေကြပါသည်။

မှန်ပါသည်။ မြန်မာတို့၏ ရန်ကုန် တက္ကသိုလ်ကိုစဖွင့်တာ အင်္ဂလိပ်တို့၏ ကိုလိုနီယန္တရား လည်ပတ်ရန် ကျွန်မွေးတာပါ။ သို့သော် လာတက်ကြသည့် တက္ကသိုလ်ကျောင်းသားတွေဟာ သင်ရိုးပြင်ပက ကမ္ဘာ့ရေးရာ အဖြာဖြာစာအုပ်စာပေများကို လေ့လာဖတ်ရှုကြပြီး နိုင်ငံရေး အတွေးအမြင် ပွင့်လင်းလာကြပါသည်။ လက်ရှိအခြေအနေထက် ပိုမိုမြင့်မား လိုစိတ်၊ ယခုထက်ပိုလွတ်လပ်ချင်သည့် အမြင်တွေ ဖြစ်ထွန်းလာကာ စားဝတ်နေရေး ပြေလည်သည့် မြို့အုပ်ရာထူးဆိုတာ၊ အခစားပဲ ကျွန်ပဲဆိုတာ သိပြီး ပစ်ပယ်ခဲ့ကြသည်။

"ကျွန်ပညာရေးနှင့် ခေတ်ပြိုင် သခင်ပညာရေး" ဟူသည့် "အမျိုးသား ပညာရေး" ပေါ်ပေါက်လာခဲ့သည်။ တက္ကသိုလ်ကျောင်းသားတွေ အမျိုးသားကျောင်းမှာ မလောက်မင လစာလေးဖြင့် ကျောင်းဆရာ ဝင်လုပ်ကြသည်။ အမျိုးသားကျောင်းတွေ တစ်ပြည်လုံးမှာ ပေါ်ပေါက်လာပြီး နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်၊ ကိုယ်သာအရှင်၊ ကိုယ်သာသခင်ဆိုသည့် လွတ်လပ်လိုစိတ် စသည်တို့ကို ကျွန်မြို့အုပ်မလုပ်လိုသည့် စာဖတ်နာကြသော တက္ကသိုလ် ကျောင်းထွက် အမျိုးသား ကျောင်းဆရာများက နိုင်ငံအနှံ့ ဖြန့်ဝေပေးခဲ့ သင်ပေးခဲ့ကြပါသည်။ နောက်မျိုးဆက်တွေကို "သခင်စိတ်" "သခင်အကျင့်" လွှမ်းအောင် လေ့ကျင့်ပေးခဲ့ပါသည်။ ထင်ရှားတဲ့အမျိုးသား ကျောင်းအုပ်ဆရာကြီးများမှာ ဦးသန့်၊ ဦးနု၊ သခင်မြ၊ ဦးဘဝင်း၊ ဦးရာဇတ်တို့ပဲ ဖြစ်ပါသည်။ ကျောင်းသားထဲက အထင်ရှားဆုံးက ရေနံချောင်း အမျိုးသားကျောင်းက မောင်အောင်ဆန်းပဲ ဖြစ်ပါသည်။

သူတို့ဟာ အင်္ဂလိပ်ပေးသော နိမ့်ကျသည့် ကျွန်ရာထူးကို မမက်ခဲ့၊ ကျွန်ဘဝထက် မြင့်လည်းမြင့်၊ မြတ်လည်းမြတ်သော သခင်ဘဝ၊ လွတ်လပ်သော နိုင်ငံသားဘဝကို မက်ခဲ့ကြခြင်းသည် အမြင့်ကိုလှမ်းခဲ့သော သမိုင်းထဲမှ သာဓက ဖြစ်ပါသည်။ တက္ကသိုလ်လာတက်ပြီး ကမ္ဘာ့ရေးရာအဖြာဖြာကို မလေ့လာခဲ့၊ ပြင်ပစာတွေကို အဲဒီခေတ် တက္ကသိုလ်ကျောင်းသားတွေ မဖတ်ခဲ့လျှင် ကျွန်မြို့အုပ်ဘဝဆိုသည့် နိမ့်ကျကျ ဘဝမှာသာ သူတို့ပျော်ပိုက်နေကြမှာပါ။ ဤသို့ဆိုလျှင် နိုင်ငံ၏ လွတ်လပ်ရေးလည်း နှောင့်နှေးသွားနိုင်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မိုးညှင်းမြို့၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး အသိပညာပေး

**မိုးညှင်း မေ ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြစ်ကြီးနားခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဂျင်မီနီဟက်စ်လပ်ခ်က သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အသိပညာရပ်များ၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်ကိုကိုဝင်းက သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေး၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများစသည်တို့ကို ဟောပြောကြပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက် ဆွေးနွေးသည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသူများက မြို့မသစ်တော ပျိုးဥယျာဉ်သို့ သွားရောက်လေ့လာကြရာ ပျိုးထောင်ထားသည့် သစ်ပင်ပျိုးပင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**



# MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အဓမ္မဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၈

**MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဒေသခံတိုင်းရင်းသားလူငယ်များကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ကာ အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး အဓမ္မတာဝန်ထမ်းဆောင်စေခြင်းကြောင့် သောင်းကျန်းသူအဖွဲ့များတွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိသော တိုင်းရင်းသားလူငယ်များ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး နီးစပ်ရာ တပ်မတော်လုံခြုံရေးတပ်စခန်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။**



### ပြန်လည်လွှဲပြောင်းပေးအပ်

ထိုသို့ MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ ဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်း တက်ရောက်လိုခြင်းမရှိသဖြင့် ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသား လူငယ်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။ (ယာပုံ)

### အားပေးစကားပြောကြား

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသား လူငယ်များအတွက် ထောက်ပံ့ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တိုင်းရင်းသားလူငယ်များက လက်ခံရယူကြသည်။ ယင်းနောက် ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ရာ မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသား လူငယ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မောင်တောမြို့၌ WY စာတန်းပါ စိတ်ကြွဆေးပြား ၇၅၀၀၀၀ ဖမ်းဆီးရမိ



**နေပြည်တော် မေ ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့ ဝိမလရပ်ကွက် အိမ်အမှတ်(၂၀၈)နေ မြင့်နိုင်ထူး (ဘ) ဦးအောင်ကျော်ထွန်း၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၇ ရက် နံနက်ပိုင်းတွင် ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း ပလတ်စတစ်ပုံး(အနီရောင်) နှစ်ပုံးဖြင့် ထည့်ထားသည့်စက္ကူထုပ်၇၇တောင့်တွင်WYစာတန်းပါစိတ်ကြွဆေးပြား ၇၅၀၀၀၀ (တန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံ) နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ (ဝဲပုံ)

အဆိုပါဖမ်းဆီးရမိသူ မြင့်နိုင်ထူး(ဘ)ဦးအောင်ကျော်ထွန်း အား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကွန်ဟိန်းမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအုပ်စု တာကော်ကျေးရွာအနီးတွင် စိုင်းရွှေပွင့် မောင်းနှင်လာသည့် TOYOTA SUCCEED အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းစိမ်း ၂၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (ယာပုံ)

ရဲပြန်ကြား



## အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၈**

အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၅) နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

### ငွေကြေးအကျိုးအမြတ်ရယူ

ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်နေ ကျကော၊ ၄၂ နှစ်၊ (ဘ) ဦးပါအဲ က တစ်မြို့နယ်တည်းနေ မ----၊ ၁၇/၂၃ နှစ်၊ မ----၊ ၁၇/၂၃ နှစ်၊ မ----၊ ၁၆/၂၃ နှစ်နှင့် မ----၊ ၁၇/၂၃ နှစ်တို့ကို မိုင်းပေါက်မြို့ရှိ ထမင်းဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ယွမ် ၂၀၀၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ တရုတ်မယားအဖြစ်ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သဖြင့် မိုင်းပျဉ်း မြို့မရဲစခန်း(ပ)၇/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ကျိုင်းတုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၂၇ ရက်တွင် တရားခံ ကျကော အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ -၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၅) နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၂၇ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Soe Ko Ko” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းကျေးရွာနေ စိုးကြိုင်(ခ) ကိုစိုး (၄၁ )နှစ်ကို နံနက် ၁၁ နာရီခွဲတွင် ငဖဲမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

### ဖော်ထုတ်အရေးယူသွားမည်

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၅) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးတက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

**ရန်ကုန် မေ ၂၈**

(၂၅) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး (25th ASEAN–COCI Sub – Committee on Information Meeting)တက်ရောက်ရန် မြန်မာနိုင်ငံ အာဆီယံပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။



အဆိုပါ အာဆီယံပြန်ကြားရေးကဏ္ဍ (ASEAN – SCI) အစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှု တိုးပွားခိုင်မာလာစေရေး၊ အာဆီယံစီမံကိန်းများအား အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် အဓိကရည်ရွယ်ပြီး နှစ်စဉ်ကျင်းပရာ အဖွဲ့ဝင် ၁၀ နိုင်ငံမှ စုံလင်စွာတက်ရောက်ကြပြီး ပြန်ကြားရေးကဏ္ဍဆိုင်ရာ လှုပ်ရှားမှုများနှင့်စီမံကိန်းဆောင်ရွက်မှုများအလိုက် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးကြကြောင်း၊ ယင်းအစည်းအဝေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက တစ်နှစ်လျှင် တစ်ကြိမ်အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ကြရာ ယခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ မေ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



သန်လျင်ခရိုင် သန်လျင်မြို့နယ်အတွင်း ၂၀၂၄–၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်လက်ခံဆောင်ရွက်နေမှုကို မေ ၂၈ ရက်က သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့်အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှုအားပေးစဉ်။

သန်းဝင်း(သန်လျင်)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ ၂၀၂၄–၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၈ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး အခြေခံပညာကျောင်းများအတွက် ပညာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသောငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ – ၅ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၃၅ ကျပ် | ၂၄၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၅ ကျပ် | ၂၄၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၂၅ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၃၅ ကျပ် | ၂၈၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၉၀၀ | ၅၉၉၄ | ၅၂၀၆၆၁၀၀ |
| MTSH | ၂၈၅၀ | ၂၉၅၀ | ၇၇၂၂ | ၂၂၂၁၅၅၀၀ |
| MCB | ၈၁၀၀ | ၈၁၀ | ၁၈၂ | ၁၄၇၄၂၀၀ |
| FPB | ၁၅၀၀ | ၁၆၀၀ | ၈၈၈၈ | ၁၃၇၇၇၇၈၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၃၀၀ | ၅၁၀၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁ | ၄၇၀၀ |
| MAEPC | ၂၃၀၀ | ၂၃၀၀ | ၃၄၈၅ | ၈၀၁၅၅၀၀ |


မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
စာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း – ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၉၆၇/အေ) နေ ဦးနိုင်လင်းအောင် (ဘ) ဦးဝမ်ဇုက်(ခ)ဦးစောမြင့် (၁၂/ပဘတ(နိုင်)၀၀၂၆၃၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် Yoon Kitchen ၊ Malibu Plus အမည်များဖြင့် စားသောက်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ပြီး Royal Lin Marble & Granite အမည်ဖြင့်လည်း သဘာဝကျောက်ပြားများအရောင်းဆိုင်လုပ်ငန်းကို လုပ်ကိုင်သူတစ်ဦးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ အထက်ပါလုပ်ငန်းများတွင် Finance Manager ရာထူးဖြင့် တာဝန်ထမ်းဆောင်သူ ဒေါ်နန္ဒာဦး (ဘ) ဦးတင်ထွဋ် (၁၂/သကတ(နိုင်)၁၄၃၆၃၂)အား (၂၅-၄-၂၀၂၄)နေ့မှစတင်၍ တာဝန်ထမ်းဆောင်ခြင်းမှ ရပ်ဆိုင်းပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နန္ဒာဦးနှင့် ပတ်သက်သော မည်သည့်ပြဿနာ အရှုပ်အရှင်းကိုမျှ ကျွန်ုပ်မိတ်ဆွေမှ တာဝန်ခံ၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

ထို့အပြင် ကျွန်ုပ်မိတ်ဆွေလုပ်ငန်းများ၏ အမည်များအား အသုံးပြု၍ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သူ မည်သူကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**Ph: 09-783535003**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)နေ မတုန်ချွန်းကျူ ၁၃/လရန(နိုင်) ၀၉၁၅၅၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၃၀၈၈၈၆**

## အမည်မှန်နှင့် မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၈) Grade-11 မှ မောင်သော်ဇင်ဦး၏ အမည်မှန်မှာ မောင်ခန့်သော်ဇင်ဦး ဖြစ်ပါကြောင်းနှင့် ၎င်း၏ မိဘအမည်မှန်မှာ ဦးစန်းမောင်(ခ)သားငယ် ၁၃/လရန(နိုင်)၁၃၆၉၆၇ နှင့် ဒေါ်ဇင်ဦး ၁၃/လရန(နိုင်) ၂၁၆၆၂၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အလက(၂)မြဝတီ Grade-(2)မှ မောင်မင်းခန့်နှင့် Grade-(5)မှ မဖြိုးအိအိခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမာမက်ရဇီ ဖြစ်ပါကြောင်း။ **ဦးမာမက်ရဇီ**

## အမည်မှန်

ကျောက်ဆည်မြို့၊ ကံဦးရပ်၊ မီးရထားဝင်းနေ ဦးကျော်ဆွေလင်း ဌေး ၉/ကဆန(နိုင်)၁၀၈၈၃၆ ၏ သား အထက (၂) Grade-4 မှ စိုင်းဘုန်းမြတ်၏ အမည်မှန်မှာ မောင်ဖွဲ့ဘုန်းမြတ် ဖြစ်ပါကြောင်း။

**မောင်ဖွဲ့ဘုန်းမြတ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ တိုက် (၁၈)၊ အခန်း (၃၀၅)၊ အမည်ပေါက်ဦးကျင့်လျှန်းထန် (၈/ခမန(နိုင်)၀၀၅၂၈၁)မှာ တိုက်ခန်းပိုင်ဆိုင်မှု Owner Book မူရင်းစာအုပ်နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် စာအုပ်အသစ်ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ရွှေလင်ပန်းကျေးရွာအုပ်စု အုပ်စုအုပ်ချုပ်ရေးမှူး၊ လှိုင်သာယာ (အရှေ့ပိုင်း)၏ထောက်ခံစာ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း ထောက်ခံစာ၊ တရားရုံးကျမ်း ကျိန်လွှာများဖြင့် တင်ပြလာပါသောကြောင့် OwnerBook စာအုပ်အသစ် ပြန်လည်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ဆိုင်မှု Owner Book မူရင်းစာအုပ်အသစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကလောမြို့နယ်၊ လွယ်အုံ့ကျေးရွာအုပ်စု၊ အင်းပြင်ကျေးရွာ၊ ကွင်းအမှတ်နှင့်အမည် ၄၆/ကျောက်တန်းရွာမကွင်း၊ ဦးပိုင်အမှတ် ၁/၃ဆ၊ မြေကွက်အမှတ် ၃/၃၅၂၊ ဧရိယာ(၀.၀၇၂)ဧကရှိမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသောင်းရွှေ ၁၃/တကန(နိုင်)၀၀၆၈၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးမို့မို့အောင် ၁၂/လကန(နိုင်)၂၀၀၁၃၈က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမို့မို့အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွန်းလွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၈၇)**
**အမှတ် -၁၇၉ ၊ ဥမင်လမ်း၊ (၁၀)ရပ်ကွက်၊ ကလောမြို့၊ ဖုန်း-၀၉-၄၀၀၀၃၃၉၇၈**

## တစ်ဦးတည်းဖြစ်ကြောင်း

မာန်အောင်မြို့နယ်၊ ကမားကျေးရွာအုပ်စု၊ ကမားကျေးရွာနေ မစိုင်းမီမီခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွေး (ခ) ဦးစိန်ထွေး တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်

(ဘ) ဦးလှအောင်၏ သားဖြစ်သူ ဦးအောင်ဝင်း (၁၂/တမန(နိုင်)၀၃၈၉၁၁) ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၇-၂-၁၉၆၆) ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)(ယခု)ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၃၆၃)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကပေါ်ရှိ မြေကွက်/နေအိမ်/လျှပ်စစ်မီတာ အပါအဝင် လက်ရှိမြေပေါ်ရှိအတိုင်းအတာ မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးဘီဂျေး(ခ)မောင်မောင်၉/ပဥလ(နိုင်)၀၁၉၆၉၀ထံမှ ဒေါ်ကြူကြူ ၉/မရမ(နိုင်) ၀၅၂၁၀၉က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကြူကြူ** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၉/မရမ(နိုင်)၀၅၂၁၀၉** | **တရားလွှတ်တော်ရှေ့နေ** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8508 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/6345 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ် (၉ A)၊ ဆံတော်မီးရထားအကွက်၊ ဦးပိုင်အမှတ် (၉၆ ခ)၊ ဧရိယာ (၀.၀၃၂)ဧကရှိ ဘိုးဘပိုင်မြေကွက်အား ကျွန်တော် ဦးထွန်းဆောင်(ခ)ဘီလား ၇/ပမန(နိုင်)၁၁၂၅၀၅ ကိုင်ဆောင်သူ အမည်ပြောင်းလဲမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မတိုင်မီ ဆိုင်ရာ စာရွက် စာတမ်းအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းဆောင်(ခ)ဘီလား**
**ဖုန်း-၀၉-၅၁၉၇၂၇၃**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော (တောင်) ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၁၇၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၈-E၊ မြေကွက်အမှတ်(၃၇၅)၊ ဧရိယာ(၀ဒသမ၀၅၂) ဧကရှိ နှစ်(၃၀) မြေငှားဂရန်မြေကွက်၏ မြေအကျိုးခံစားခွင့်တို့ကို ဦးစီမိုရ်(ခ)ဦးအောင်အောင်လွင် (၁၂/မဂတ(ဧည့်)၀၀၀၁၉၅)မှ (၅-၃-၂၀၂၄) ရက်စွဲပါ **မြေအကျိုးခံစားခွင့်အရောင်း အဝယ် ကတိစာချုပ်ဖြင့်** တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ(၃)ခန်းတွဲ(၂)ထပ်အဆောက်အအုံနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဦးစီမိုရ်(ခ)ဦးအောင်အောင်လွင်မှ အိမ်လခကောက်ခံခြင်း၊ အမည်ပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းသူအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၇၆၄)**
**အမှတ်-၃၆၊ မြေညီထပ်၊ ၈၉လမ်း၊ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့ နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၈၀၀၅၄၀၆၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ပတ္တာရပ်ကွက်၊ အကွက်အမှတ် နန-၁၆၊ ဦးပိုင်အမှတ် ၄၈/၅၁x၅၂ ကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဦးကံမောင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်လှပျော်က တရားပြိုင် ဦးကံမောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၇/၂၀၂၄) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်လှပျော် ၁/မကတ(ဧည့်) ၀၀၀၅၇၉က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/96971, New Zhineng-125 ယာဉ်လက်ဝယ်ရှိသူ Lucky Thukha Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/1157,Cerdury L/T MLM-101,TON Pickup(4X2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းယုအောင် ၃/ဘအန(နိုင်)၀၀၁၉၄၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ တပင်ရွှေထီးရပ်ကွက်၊ အကွက်အမှတ်/အမည်- ၅/ သစ်စက်မြောက်၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၀.၁၆၅)ဧကရှိ ဒေါ်ခင်သီတာ အမည်ပေါက်မြေအား ဒေါ်စမ်းစမ်းမြင့်မှ (၃-၂-၂၀၂၃)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ၎င်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေါ်စမ်းစမ်းမြင့်အား မြေငှားဂရန်ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၃၊ ဦးပိုင်အမှတ် ၄၈/၁၀၆X ၁၀၇လမ်းကြား၊၄၇X၄၈လမ်းကြားရှိ တကက အုန်းလှိုင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလိုဒေါ်လုံပျော်က တရားပြိုင် တကက အုန်းလှိုင် အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၇/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်လှပျော် ၁/မကတ(ဧည့်) ၀၀၀၅၇၉ကတောဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် င-၂၊ ဦးပိုင်အမှတ် ၁၁၅ ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်း/ ၆၂Bလမ်း၊ ၁၀၇ Ax ၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မမထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၇၆/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမြတ်ထွန်းဦး ၉/မရတ(နိုင်) ၀၁၇၆၂၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၇၆၅/၂၀၀၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်တင့် ၉/သစန(နိုင်) ၀၃၂၁၄၉က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ အမှတ်(၁၉) ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၁၃/ကမ်းနားလမ်း၊ ဦးပိုင်အမှတ် (င/၁)၊ ဧရိယာ(၀.၇၀၁)ဧကရှိ ဒေါ်မော်လီအမည်ပေါက်မြေအား ဦးကျော်လင်းမှ (၅-၂-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်စာချုပ်၍ ပိုင်ဆိုင်ထားရှိခဲ့ပါကြောင်းနှင့် ယခုအခါ ဦးကျော်လင်းမှ သက်တမ်းတွင်း/ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားတင်ပြလာ၍ ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့်အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးကျော်လင်းအား မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၂၆/လုံးလော့ရပ်)၊ ဦးပိုင်အမှတ်(၁၇/က)၊ ဧရိယာ(၀ဒသမ ၁၀၃)ဧက၊ ဒေါ်သန်းသန်းရီ အမည်ပေါက်မြေငှားဂရန်အမှုတွဲအမှတ် ၁၄၄-၅/၂၀၁၁-၂၀၁၂ (အေ)အား ဒေါ်ဖြူဖြူ ၁၃/လရန(နိုင်) ၁၂၀၈၁၅မှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်၍ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့် ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ တပင်ရွှေထီးရပ်ကွက်၊ အကွက်အမှတ်/အမည်- ၅/ သစ်စက်မြောက်၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ(၀.၁၆၅)ဧကရှိ ဦးအေးချို အမည်ပေါက်မြေအား ဒေါ်စမ်းစမ်းမြင့်မှ (၃-၂-၂၀၂၃)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ၎င်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာမှု နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေါ်စမ်းစမ်းမြင့်အား မြေငှားဂရန်ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ် တ-၄၊ ဦးပိုင်အမှတ် ၄၁/၆၂x၆၃ကြား၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဦးလှကြည်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၇၅၀/၂၀၂၁)ဖြင့် ဦးဝင်းစိုး၊ ဦးကျော်ဌေးတို့က ပိုင်ဆိုင်ခဲ့ပြီး၊ ဦးဝင်းစိုးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၇၇၅/၂၀၂၁)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးကျော်ဌေး ၉/လဝန(နိုင်) ၁၂၀၈၉၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၆၂/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းလိန်လှိုင်းဖ ၁၃/နခန(နိုင်)၀၆၀၂၈၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၅၊ ဦးပိုင်အမှတ် ၈၈/၄၉X ၅၀လမ်းကြား၊၁၁၁X၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်ခင် ၉/ပသက(နိုင်)၀၄၈၈၇၈ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၉၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင်နီလာမျိုး ၉/ခအဇ(နိုင်)၀၀၃၃၉၆ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၂၊ ၄၁၃-က၊ ဦးပိုင်အမှတ်(၉၃)/၊ ၃၆x၃၇ ကြား၊ ၇၀x၇၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်နု ၉/မရမ(နိုင်) ၀၈၈၅၆၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# ရောင်းချရန် ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ကျောက်တံတားခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ ဇာရီမှုအမှတ်-၂

ဒေါ်ညွန့်ညွန့် နှင့်

၁။ ဒေါ်စိန်စိန်မြင့်
၂။ ဒေါ်ခင်စန်းမြင့်
၃။ ဒေါ်ခင်ဆွေမြင့် (ကွယ်လွန်သူဒေါ်ကျင်မေ၏ တရားဝင်ကိုယ်စားလှယ်များ)
၄။ ဦးကျော်ထွန်း
၅။ ဒေါ်သန်းသန်းငွေ
၆။ ဒေါ်သန်းသန်းအေး
၇။ မအိအိခင်
၈။ မသင်းသင်းခိုင်
၉။ မချိုချိုမြင့်(ခ)မချို
၁၀။ အောင်ပြည့်စုံ
၁၁။ မချိုပြည့်ပြည့်ထွန်း (ကွယ်လွန်သူကိုဝင်းအောင်၏ တရားဝင်ကိုယ်စားလှယ်များ)
၁၂။ ကိုလှမင်း
၁၃။ မကြူကြူမင်း
၁၄။ ကိုရဲမြင့်အောင်
၁၅။ ဦးစည်ပင်
၁၆။ ဒေါ်နီနီထွေး
၁၇။ ဦးဇော်ဝင်းတင်
၁၈။ ဒေါ်လင်းလင်းတင်
၁၉။ ဦးမျိုးသန့်
၂၀။ ဦးဝင်းသော်
၂၁။ ဦးမျိုးတင်
၂၂။ ဦးတူးတူးဇတင် (ကွယ်လွန်သူဒေါ်ကြည်ကြည် နှင့် ဦးမျိုးဝင်းတင်တို့၏ တရားဝင်ကိုယ်စားလှယ်များ)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၂၀၀၁ အမှု၌(၃၀-၁-၂၀၁၆)ရက်တွင် ချမှတ်ထားသော အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းအမှတ်စဉ်(၁)ကို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၅ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) နံနက် ၁၀နာရီတွင်လည်းကောင်း၊ ပစ္စည်းအမှတ်စဉ်(၂)ကို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၆ရက်(၁၃၈၆ခုနှစ်၊ ဝါဆိုလဆန်း ၁၁ရက်) နံနက် ၁၀နာရီတွင် လည်းကောင်း၊ ပစ္စည်းအမှတ်စဉ်(၃)ကို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၇ရက်(၁၃၈၆ခုနှစ်၊ ဝါဆိုလဆန်း၁၂ရက်) နံနက် ၁၀နာရီတွင် လည်းကောင်း၊ ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်များ ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေငြာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

(၁) ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၆၁)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/ဘီ၊ မြေကွက်အမှတ် -၄၇၊ အေ/၄၊ ဧရိယာ(၀ဒသမ၂၆၂)ဧကရှိ မြေပိုင်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၆၁)ဟုခေါ်တွင်သော လေးခန်းတွဲ သုံးထပ်တိုက်၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်-၆၁(က)ဟု ခေါ်တွင်သော နှစ်ခန်းတွဲခြောက်ထပ်တိုက်၊ နှစ်ထပ်ပျဉ်ထောင်အိမ်ဟောင်းတစ်လုံး၊ ဂိုဒေါင်ဟောင်းတစ်လုံး။ **လေလံကြမ်းခင်းဈေး ကျပ် ၁၂,၀၀၀,၀၀၀,၀၀၀(ကျပ်သိန်းပေါင်းတစ်သိန်းနှစ်သောင်းတိတိ)**

(၂) လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်-၈၃ဟုခေါ်တွင်သော လေးထပ်တိုက်နှင့် တည်ရာမြေ။ **လေလံကြမ်းခင်းဈေး ကျပ် ၂,၂၇၀,၀၀၀,၀၀၀ (ကျပ်သိန်းပေါင်းနှစ်သောင်း နှစ်ထောင် ခုနှစ်ရာ)**

(၃) ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၅၂၄/၅၂၆၊ပထမထပ်၊ တိုက်ခန်း(၂)ခန်း၊

**လေလံကြမ်းခင်း ဈေး-ကျပ် ၁၄၀,၀၀၀,၀၀၀ (ကျပ်သိန်းပေါင်းတစ်ထောင့်လေးရာ)**

**မှတ်ချက်**

- အမှတ်စဉ်(၁)ပစ္စည်းစာရင်းပါ လေးခန်းတွဲ သုံးထပ်တိုက်တွင် တရားနိုင်၊ တရားရှုံးမဟုတ်သူများ နေထိုင်လျက်ရှိပါသည်။
  (၂)ခန်းတွဲ(၆)ထပ်တိုက်တွင် အဆောက်အအုံ၏ ညာဘက်ခြမ်းခြောက်ထပ်လုံးသည် အမှတ်(၁၇)မှ (၂၂)ထိ တရားရှုံးများ လက်ဝယ်ရှိပြီး ဘယ်ဘက်ခြမ်းခြောက်ထပ်လုံးတွင် တရားနိုင်၊ တရားရှုံး မဟုတ်သူများက ငှားရမ်းနေထိုင်လျက်ရှိပါသည်။
- နှစ်ထပ်ပျဉ်ထောင်အိမ်ဟောင်းတစ်လုံးမှာ တရားနိုင်လက်ရှိနေထိုင်လျက်ရှိပြီး ဂိုဒေါင်ဟောင်း တစ်လုံးမှာ အလွတ်ဖြစ်ပါသည်။
- အမှတ်စဉ်(၂)ပစ္စည်းစာရင်းပါ အဆောက်အအုံ၏ လေးထပ်လုံးတွင် တရားနိုင်၊ တရားရှုံး မဟုတ်သူများ လက်ရှိထားနေထိုင်လျက် ရှိပါသည်။
- အမှတ်စဉ်(၃) ပစ္စည်းစာရင်းပါ တိုက်ခန်းနှစ်ခန်းတွင် အမှတ်စဉ်(၅)မှ (၁၄)ထိ တရားရှုံးများ လက်ရှိနေထိုက်လျက်ရှိပါသည်။

**လေလံတင်ရောင်းချမည့်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှ ဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကိုရောင်းချသူအရာရှိသတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက်လေလံဆွဲဝယ်ယူသူက ငွေ ၁၀၀ ကျပ်လျှင် ၂၅ကျပ်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျပ်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကြေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဆုံး ရုံးစတင်ဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်း ချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ခုနှစ်၊ မေလ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(သဲမို့မို့ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၃၊ ဦးပိုင်အမှတ် (၃၆)/၆၇x ၆၈ကြား၊၁၃၂ X ၁၃၃လမ်းကြားရှိ ဦးမြထွေး အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမြင့်နိုင်က တရားပြိုင် ဦးမြထွေး အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၄၀/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးမြင့်နိုင် ၉/မရမ(နိုင်)၀၅၂၆၀၁က တောဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၆)ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၁၂၇)၊ မြေ ဧရိယာ သုည ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှတ်တွဲအမှတ်၊ ၉၀/၁၉၉၂-၁၉၉၃အရ ဒေါ်လှရီ အမည်ဖြင့်ရရှိခဲ့ပြီး (၈-၆-၂၀၂၂)ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဒေါ်လှရီ ၆/မအရ(နိုင်)၀၀၉၁၃၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇)ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၅၃၅)၊ မြေဧရိယာ သုည ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၄၁၉/၁၉၉၂- ၁၉၉၃ အရ ဦးကျင်ရွှေအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်သန်းသန်းနုထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၂၅၂/၂၀၂၃) ဖြင့် ဒေါ်ယမင်းသွင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ယမင်းသွင် ၆/မအရ(နိုင်)၀၉၄၃၃၁မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

